ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ သောကြာနေ့၊ (3-2-2006) (၄၈၆၀)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးခရိုင် ကြက်ဆူဆီစိုက်ပျိုးထုတ်လုပ်နည်း လက်တွေ့သရုပ်ပြပွဲနှင့် စက်တပ်ရေယာဉ်များ၊ ဒီဇယ်အင်ဂျင်များ လက်တွေ့မောင်းနှင်သရုပ်ပြပွဲ အခမ်းအနား တက်ရောက်အားပေး စီးပွားရေးအထောက်အကူပြုပြီး လူနေမှုဘဝ မြင့်မားစေမည့် ခြံစည်းရိုးကြက်ဆူကို ကြိုးစားစိုက်ပျိုးရန် မှာကြား

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များ သန့်စင်ပြီး ကြက်ဆူဆီများဖြင့် ထည့်သွင်းမောင်းနှင်သည့် ရေယာဉ်များတွင် လိုက်ပါစီးနင်း၍ ဧရာဝတီမြစ်အတွင်း လှည့်လည်သရုပ်ပြမောင်းနှင်ပြသမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂

မန္တလေးခရိုင် ကြက်ဆူဆီ(ဇီဝဒီဇယ်) စိုက်ပျိုးထုတ်လုပ်နည်း လက်တွေ့သရုပ်ပြပွဲနှင့် စက်တပ်ရေယာဉ်များ၊ ဒီဇယ်အင်ဂျင်များ လက်တွေ့မောင်းနှင်သရုပ်ပြပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ရက်တွင် မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် ကမ်းနားလမ်းရှိ ဂေါဝိန်ဆိပ်ကမ်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးသည်။

အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များ၊ စက်တပ်ရေယာဉ်လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၅၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ကြင်က ကြက်ဆူဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်နှင့်ပတ်သက်၍ ကြက်ဆူပင်အမျိုးအစားများ၊ စိုက်ပျိုးမြေနေရာအမျိုးမျိုး၊ စိုက်ပျိုးရမည့်နည်းစနစ်နှင့် အသီးမှ အစေ့ထုတ်၍ ကြက်ဆူဆီ ထုတ်လုပ်ပုံ အဆင့်ဆင့်တို့ကို လက်တွေ့ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ခြံစည်းရိုးကြက်ဆူပင် အသုံးဝင်ပုံ၊ ကြက်ဆူဆီထုတ်လုပ်၍ ဒီဇယ်အင်ဂျင်များတွင် အသုံးပြုနိုင်ပုံ၊ မိသားစုအိမ်ထောင်စုတစ်စုချင်း စိုက်ပျိုးခြင်းအားဖြင့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ပုံများနှင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ စီးပွားရေးကို အထောက်အကူပြုပြီး လူနေမှုဘဝ မြင့်မားလာစေမည့် ခြံစည်းရိုးကြက်ဆူပင်ကို ရေရှည်စီမံကိန်းချမှတ်၍ စနစ်တကျကြိုးစား စိုက်ပျိုးကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များက ကြက်ဆူဆီကြိတ်စက်များဖြင့် ကြက်ဆူဆီ ထုတ်လုပ်မှုအဆင့်ဆင့်ကို လက်တွေ့ သရုပ်ပြထုတ်လုပ်ကြပြီး တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သန့်စင်ပြီး ကြက်ဆူဆီများဖြင့် မြစ်ကြောင်းသွား စက်တပ်ရေယာဉ်များတွင် ထည့်သွင်းမောင်းနှင် သရုပ်ပြမှုကို ကြည့်ရှုစစ်ဆေးကာ ကြက်ဆူဆီသုံး ရေယာဉ်ဖြင့် လိုက်ပါစီးနင်းကြသည်။

ထို့ပြင် တိုင်းမှူးနှင့် အဖွဲ့သည် မြစ်ကမ်း၌ ကြက်ဆူဆီဖြင့် သဲစုပ်စက်၊ ရေစုပ်စက်များမောင်းနှင်၍ လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

မန္တလေးတိုင်းတွင် စမ်းသပ်မှုများအရ ကြက်ဆူဆီဖြင့် မောင်းနှင်သော မြင်းကောင်ရေ ၁၃၀ PH-7 အင်ဂျင်သုံးစက်တပ်ရေယာဉ်များမှာ ဆီစားနှုန်း တစ်ဂါလန်လျှင် လေးမိုင်နှုန်းရှိပြီး ခရီးသည် ၇၇ ဦးနှင့် ကုန်ငါးတန် တင်နိုင်ကြောင်း၊ မြင်းကောင်ရေ ၁၈ နှင့် မြင်းကောင်ရေ ၁၂ ရှိ Jima အင်ဂျင်သုံး ပဲ့ထောင်ရေယာဉ်များမှာ ဆီစားနှုန်း တစ်ဂါလန်လျှင် ငါးမိုင်နှုန်းရှိပြီး ခရီးသည် ၃၀ နှင့် ကုန်တစ်တန် တင်နိုင်ကြောင်း၊ မြင်းကောင်ရေ ၁၈ ရှိ Jima အင်ဂျင်သုံး သဲစုပ်စက်၊ ရေစုပ်စက်များမှာ တစ်ဂါလန်လျှင် လေးနာရီနှုန်း မောင်းနှင်နိုင်ပြီး ရေယာဉ်များမှာ တစ်နာရီလျှင် ၁၀မိုင်နှုန်းမောင်းနှင်နိုင်သည်။ (သတင်းစဉ်)

* **မန္တလေးတိုင်းတွင် စမ်းသပ်မှုများအရ ကြက်ဆူဆီဖြင့် မောင်းနှင်သော မြင်းကောင်ရေ ၁၃၀ PH-7 အင်ဂျင်သုံး စက်တပ် ရေယာဉ်များမှာ ဆီစားနှုန်း တစ်ဂါလန်လျှင်လေးမိုင်နှုန်းရှိပြီး ခရီးသည် ၇၇ ဦးနှင့် ကုန် ငါးတန်တင်နိုင်။**
* **မြင်းကောင်ရေ ၁၈ နှင့် မြင်းကောင်ရေ ၁၂ ရှိ Jima အင်ဂျင်သုံး ပဲ့ထောင် ရေယာဉ်များမှာ ဆီစားနှုန်း တစ်ဂါလန်လျှင် ငါးမိုင်နှုန်းရှိပြီး ခရီးသည် ၃၀ နှင့် ကုန်တစ်တန်တင်နိုင်။**
* **မြင်းကောင်ရေ၁၈ ရှိ Jima အင်ဂျင်သုံး သဲစုပ်စက်၊ ရေစုပ်စက်များမှာ တစ်ဂါလန်လျှင် လေးနာရီနှုန်း မောင်းနှင်နိုင်ပြီး ရေယာဉ်များမှာ တစ်နာရီလျှင် ၁၀ မိုင်နှုန်း မောင်းနှင်နိုင်။**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃-၂-၂၀၀၆
(သောကြာနေ့)

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး နိုင်ငံတော်နှင့် ပြည်သူများဆက်လက်ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံသည် ရေမြေရာသီဥတုညီညွတ်မျှတကောင်းမွန်သော နိုင်ငံဖြစ်သည်။ သို့သော် ကုန်းမြေအနိမ့်အမြင့် ပထဝီအနေအထားအရ အချို့သောဒေသများမှာ မိုးနည်းပါးစွာရွာသွန်းတတ်သဖြင့် စိုက်ပျိုးရေနှင့် သောက်သုံးရေရှားပါး ခက်ခဲမှုများနှင့် တွေ့ကြုံကြရသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသမှ အချို့သော ကျေးလက်ပြည်သူများမှာ နွေအခါတွင် သောက်သုံးရေ တစ်စည်တစ်ထမ်း ရရှိရေးအတွက် မိုးမလင်းမီကပင် လေး၊ ငါးမိုင်ခန့်သို့ သွားရောက်၍ ရေခပ်ယူကြရသည်။ အချို့မှာ ရေရှားပါး၍ တစ်ကိုယ်ရေသန့်ရှင်းမှု မဆောင်ရွက်နိုင်သဖြင့် ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ရေမသန့်ရှင်း မှုကြောင့် ဖြစ်တတ်သော ရောဂါများပင် ဖြစ်ပွားကြရသည်။

ယနေ့ကာလတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းညွှန်မှုများနှင့်အညီ ကျေးလက်ဒေသနေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့အတွက် စီမံဖြည့်ဆည်းပေးလျက်ရှိရာ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် မြို့ပြနှင့် ကျေးလက်ဒေသ စည်ပင်သာယာရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို အဓိကထား၍ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း၌ ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံတော်နှင့်အတူ ပြည်တွင်း၊ ပြည်ပမှအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် စေတနာရှင် ပြည်သူများကပါ သဒ္ဓါတရားထက်သန်စွာ အင်တိုက်အားတိုက် ပါဝင်လှူဒါန်းလျက်ရှိကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၁)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၈ ရက် နေ့က ရန်ကုန်မြို့ သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် **စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် စေတနာရှင် အလှူရှင်များ ကြည်နူးပီတိပွားနိုင်အောင် စက်ရေတွင်းများကို ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်နှင့် တူးဖော်ပြီးခဲ့သော စက်ရေတွင်းများကိုလည်း ရေရှည်သုံးစွဲနိုင်အောင် ပြည်သူများနှင့် ပူးပေါင်းအသိပညာပေး ထိန်းသိမ်းဆောင်ရွက်ကြရန်** မှာကြားသွားသည်။

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀ နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် အပူပိုင်းဒေသ တိုင်းသုံးတိုင်း ဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ ရေခက်ခဲသောကျေးရွာများနှင့် သန့်ရှင်းသော သောက်သုံးရေမရရှိသော ကျေးရွာပေါင်း ၈၀၄၂ ရွာ ရှိသည့်အနက် ၇၄၆၇ ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ အလားတူ အခြားပြည်နယ်နှင့်တိုင်းများရှိ ကျေးရွာပေါင်း ၇၈၆၈ ရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အပူပိုင်းဒေသတိုင်းသုံးတိုင်း၌ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းတွင် ခုနစ်မြို့နယ်၊ မကွေးတိုင်းတွင် ၁၂ မြို့နယ်၊ မန္တလေးတိုင်းတွင် ၁၁ မြို့နယ် စုစုပေါင်းမြို့နယ် ၃၀၌ မြို့နယ်လုံးကျွတ်သန့်ရှင်းသော သောက်သုံးရေရရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အကောင်အထည်ဖော်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင်ပါဝင်သည့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများက နိုင်ငံတော်နှင့်အတူ တက်ညီလက်ညီဆက်လက် ပူးပေါင်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘုရားဖြူ ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသော (၇၄)ကြိမ်မြောက် ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲ၊ ဆုနှင်းသဘင်အကြိုတရားပွဲအဖြစ် အောင်ဆန်းမိုးကုတ်ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)က ဖေဖော်ဝါရီ ၅ရက် ည ၇နာရီတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ တရားတော်များဟောကြားမည်ဖြစ်ကြောင်းသိရသည်။(က-ပ)

မြန်မာနိုင်ငံ မြန်တမ်း

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် ယင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းအား တာဝန်ဝတ္တရား များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တာချီလိတ်၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ မူးယစ်ဗဟိုအဖွဲ့မှ ရဲမှူးကြီး သိန်းကြည်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ) ဦးခင်မောင်သန်းတို့လိုက်ပါလျက် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် တာချီလိတ် မြို့နယ် ရဲတပ်ဖွဲ့စခန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ရောက်ရှိပြီး ရဲတပ်ဖွဲ့ဝင် မိသားစုများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ရွှေစင် ရွှေပြားသက်န်း ကပ်လှူရန်အတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ အမှတ်(၁) ချစ်ကြည်ရေးတံတားကို သွားရောက်ကြည့်ရှုသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် နဂါးနှစ်ကောင်ကျောင်းတိုက်သို့ ရောက်ရှိပြီး နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသီရိအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် ရဲတပ်ဖွဲ့ဝင် မိသားစုများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မိသားစုများ၊ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများ၏ ဝန်ထမ်းများနှင့် မိသားစုများအား အမှာစကား ပြောကြားစဉ်။ (ပြည်ထဲရေး)

ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ရန်ကြီးအောင်ရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပြီးစီးမှု အခြေအနေကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်၊ အမှုဆောင်အရာရှိ ဦးခင်ဦးနှင့် မြို့နယ် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်တို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ (မြို့နယ်စည်ပင်)

အထက(၂) တောင်ဥက္ကလာပ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

တောင်ဥက္ကလာပမြို့နယ် အထက(၂)ကျောင်းတွင် ၁၉၅၉မှ ၂၀၀၅ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့၊ ထမ်းဆောင်ဆဲ အသက် (၅၀)အထက် ဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)နံနက် ၁၀နာရီတွင် အဆိုပါ ကျောင်းခန်းမဆောင်သစ်ကြီး၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားသည်။ (၆၃)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ရက်က ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ The Princess ရေပေါ်ဟိုတယ်၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)က တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရရှိသူ မအေးမြတ်စန္ဒာအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က-ပ)

စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေ အတ္ထုပ္ပတ္တိထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၂



စာပေဆုများ၊ တက္ကသိုလ် ပညာရည်ချွန်ဆုများ နှစ်စဉ်ချီးမြှင့်နိုင်ရန် နိုင်ငံတော်သို့ ငွေကျပ် ၁၂၆သိန်းလှူဒါန်းခဲ့သူ ပခုက္ကူမြို့မှ သိန်းတစ်ရာဆေးရွက်ကြီးပေါင်းရုံပိုင်ရှင် ဦးအုံးဖေ၏ ဘဝခရီးကို ရေးဖွဲ့ထားသော စာရေးဆရာ တက္ကသိုလ်စိန်တင်၏ ၁၉၉၃ ခုနှစ် အမျိုးသားစာပေဆုရ "ပခုက္ကူဦးအုံးဖေ ဘဝခရီးနှင့် အောင်မြင်နည်းအတွေ့အကြုံများ" စာအုပ်ကို အားမာန်သစ်စာပေ အမှတ် ၁၄၃၊ မြန်မာ့ဂုဏ်ရည်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ဖုန်း-၃၉၄၆၈၅ က ဇန်နဝါရီ ၃၀ရက်တွင် ထုတ်ဝေ ဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် အမှားမှ အမှန်သို့ ပြုပြင်ပြောင်းလဲနိုင်ခဲ့၍ ဆင်းရဲသားဘဝမှ ငွေကြေးပြည့်စုံကြွယ်ဝသော စာပေဆုအလှူရှင်ဘဝသို့ တက်လှမ်းနိုင်ခဲ့ပုံများကို စံပြုဖွယ်၊ နည်းယူဖွယ်၊ သင်ခန်းစာယူဖွယ် ရေးဖွဲ့ထားပြီး စာအုပ်မျက်နှာဖုံးကို ပန်းချီမောင်ကျော်ညွန့်က ရေးခြယ်၍ အတွင်းသရုပ်ဖော်ဓာတ်ပုံများကို ဆေးရောင်စုံဖြင့် ပုံနှိပ်ဖော်ပြထားသည်။

(သတင်းစဉ်)

ခြစ်ညည်းရိုးကြက်ဆူမျိုးစေ့ပေးအပ်ပွဲနှင့် ပျိုးထောင်ပွဲ တနိုင်းမြို့၌ကျင်းပ တနိုင်းလွင်ပြင်၌ ကြက်ဆူပင်တိုးချဲ့စိုက်ရေး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက တနိုင်းမြို့ ဟူးကောင်းခန်းမ၌ တနိုင်းမြို့နယ်ရှိ ဌာနဆိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူးညီစိန်က တနိုင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြက်ဆူပင်စိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြစ်ကြီးနား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြက်ဆူပင်တိုးချဲ့စိုက်

ယင်းနောက် တိုင်းမှူးက တနိုင်းလွင်ပြင်အား ကြက်ဆူလွင်ပြင်ဖြစ်ရေးအတွက် ကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ကြက်ဆူဆီ အသုံးဝင်ပုံများကို တာဝန်ရှိသူများက ဒေသခံပြည်သူများ သိရှိလာအောင် သရုပ်ပြဆောင်ရွက်ပြသရေး၊ တနိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ညီလက်ညီ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားကာ တနိုင်းမြို့ ပြည်သူ့ဆေးရုံ လျှပ်စစ်မီးသွယ်တန်းရန်အတွက် ငွေကျပ်ငါးသိန်းကို တိုင်းမှူးကိုယ်စား မြစ်ကြီးနားခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးဆွေက မြို့နယ်ဆရာဝန်ထံ ပေးအပ်ပြီး ရွာချင်းဆက် တံတားဖြစ်သည့် မိုင်းခွန်ကျေးရွာ ချောင်းကူးတံတား တည်ဆောက်ရန်အတွက် ဘိလပ်မြေနှင့် ဆောက်လုပ်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဟူးကောင်းခန်းမအနီးရှိ ကြက်ဆူပျိုးဥယျာဉ်၌ ခြစ်ညည်းရိုးကြက်ဆူမျိုးစေ့ပေးအပ်ပွဲနှင့် ပျိုးထောင်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် မြစ်ကြီးနားခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးဆွေတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့အိတ်များပေးအပ်ပြီး ပျိုးဥယျာဉ်အတွင်း၌ တက်ရောက်လာကြသူများနှင့်အတူ ကြက်ဆူမျိုးကိုင်းပင် ၁၀၀၀၀ နှင့် မျိုးစေ့ပျိုးပင် ၃၅၀၀၀ ကို စုပေါင်း ပျိုးထောင်ပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒွန်ဘန်တံတား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဖားကန့်မြို့နယ် မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းပိုင်း မိုင်တိုင် အမှတ် (၆၀) အနီးရှိ ဒွန်ဘန်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်

ညနေပိုင်းတွင် တိုင်းမှူးသည် မိုးကောင်းမြို့နယ် သူဌေးကုန်းကျေးရွာအနီး၌ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ စုပေါင်းစိုက်ပျိုးထားသည့် ခြစ်ညည်းရိုးကြက်ဆူသုံးဧက ၃၆၀၀ ပင်စိုက်ခင်းသို့လည်းကောင်း၊ ကံလှကျေးရွာရုံးအတွင်း ကြက်ဆူမျိုးကိုင်းပင် ၅၀၀၀ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ နမ္မတီးချောင်းကူးတံတား (ကံလှ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် (၅)ရပ်ကွက် အေးရိပ်မွန်အိမ်ရာနေ နှစ်ဖက်သော ကျေးဇူးရှင်မိဘများအား ရည်စူး၍ ဦးခင်မောင်လတ်-ဒေါ်ခင်စန်းဝင်း၊ သမီး မခင်မျိုးဆွေ၊ သားကြီး မောင်တင်ထွန်းအောင်၊ သားငယ် မောင်ဖြိုးသီဟတို့က ငွေကျပ် ၁၂၀၀၀၀ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စိန်သာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ပဲခူးမြို့ သမိုင်းဝင် စိန်သာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၇ခုနှစ်၊ တပို့တွဲလဆန်း ၁၂ရက်မှ တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ ၉ရက်မှ ၁၂ရက်အထိ) ကျင်းပမည်ဖြစ်ပြီး ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ပူဇော်ပြီး ပဋ္ဌာန်းရွတ်ဆိုပွဲ ကျင်းပမည်ဖြစ်သည်။ ပဲခူးမြို့ ဓမ္မလင်္ကာရကျောင်းတိုက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိသုဒ္ဓ ဆရာတော်ကြီးအား အမှူးထား၍ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူ၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင်ပြုလုပ်မည်ဖြစ်ရာ တပို့တွဲလပြည့်နေ့ မွန်းလွဲ ၂နာရီတွင် လှူဖွယ်ပစ္စည်းများကို လာရောက်လောင်းလှူနိုင်ကြောင်း သိရသည်။ (၄၀၃)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်းနေ မောင်ကိုကိုလတ်-မသီဂီသန်းတို့က ဒဂုံမြို့နယ် အမှတ်(၁၂) စံကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန် မြေနှင့်အဆောက်အအုံအတွက် မင်္ဂလာဦး အလှူတော်ငွေကျပ် တစ်သိန်းကို ၎င်းတို့ကိုယ်စား အနုနာယက ဆရာတော်ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အမျိုးသားညီလာခံကို ဂုဏ်ပြု ကတ္တရာလမ်းသစ် မုဆယ်မြို့၌ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် မုဆယ်မြို့ ကောင်းမှူးတုံ (၁)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၈နာရီခွဲတွင် ကောင်းမှူးတုံ (၁)လမ်း၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ မုဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးရဲလင်းဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များမှ တာဝန်ရှိသူများ၊ မုဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဒေသခံပြည်သူ ၁၅၀၀ခန့် တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ မုဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကျော်ဇေယျက လမ်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကတ္တရာလမ်းသစ်ဖွင့်ခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြား၍ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ် အလံများ ပေးအပ်ကြသည်။

ယင်းနောက် မုဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးရဲလင်းဦးနှင့် မုဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည် ၁၄၅၀ ပေ၊ အကျယ် ၁၂ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၄၃သိန်းဖြင့် ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

မကွေးမြို့ အောင်မြေရတနာစာသင်တိုက် ငွေရတုပူဇော်သဘင် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

မကွေးမြို့ ကန်သာရပ် အောင်မြေရတနာ စာသင်တိုက်ကြီး၏ (၂၅)နှစ်ပြည့် ငွေရတုပူဇော် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မကွေးဆရာတော်ကြီးနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ - အဖွဲ့ဝင်ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလ

အခမ်းအနားတွင် မကွေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဇောတိပါလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ မကွေးဆရာတော်ကြီးက အနုမောဒနာတရား ချီးမြှင့်ကာ အောင်မြေ ရတနာစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိစ္စသာရက အလှူရှင်များ စုပေါင်းလှူဒါန်းသော အလှူငွေကျပ် ၂၈၀၆၆၀၂၀ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တရားသဘင်

ငွေရတုပူဇော်ပွဲကို ဖေဖော်ဝါရီ ၈ရက်မှ ၁၀ရက်အထိ တရားသဘင်များ ဆင်ယင်ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ရက်နှင့် ၁၂ရက်များတွင် ကျောင်းတိုက်ရှိ သံဃာအပါး ၄၅၀၊ ပင့်သံဃာအပါး ၃၀၀ စုစုပေါင်း သံဃာအပါး ၇၅၀တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများဖြင့် ဆက်ကပ် လှူဒါန်းပူဇော်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

လှူဒါန်း

အင်းစိန်မြို့ ပိန္နဲကုန်းရပ်ကွက်၊ ကြေးတိုင်စု ၁/လမ်းနေ ဒေါ်တင်မေ၏ အသက် (၈၀)ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ ကွက်သစ်မာလာရာမ ကွက်သစ်ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ-နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်း၊ ဒုဥက္ကဋ္ဌ(၁) ဦးထွန်းမင်း၊ ဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်နှင့် အလုပ်အမှုဆောင် ဦးလှသန်း၊ ဦးအောင်မိုးတို့က လက်ခံရယူစဉ်။ (က-ပ)

ပခုက္ကူအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အသင်းမွှာရုံတွင် ဇန်နဝါရီ ၂၉ရက်က ပြုလုပ်ရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရသူတစ်ဦးအား အသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၂၃)

ရွှေပြည်သာမြို့နယ် အမှတ်(၃၆) အခြေခံပညာ မူလတန်းကျောင်း၏ မိဘဆရာ အသင်း နှစ် ပတ် လည် အစည်း အဝေး နှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်း အနားကို ဇန်နဝါရီ ၇ရက်တွင် ကျင်းပ ရာ ကျောင်းအုပ်ဆရာကြီး ဦးကံညွှန့်က မြို့နယ်အဆင့် စတုတ္ထတန်း ဘာသာစုံ ပထမဆုရ မမိုးအိခင်အားဆု ချီးမြှင့်စဉ်။ (ပညာရေး)

ရေလွှမ်းမိုးမှုနှင့် မိုးခေါင်မှုသဘာဝဘေးအန္တရာယ်များ ၂၀၀၅ ခုနှစ်အတွင်း ပိုမိုများပြားလာ

ဂျီနီဗာ ဖေဖော်ဝါရီ ၁

သိပ္ပံပညာရှင်အချို့က ကမ္ဘာကြီးပူနွေးမှုကြောင့်ဖြစ်ပွားရသည်ဟု ပြစ်တင်ပြောကြားနေသည့် ရေလွှမ်းမိုးမှုနှင့် မိုးခေါင်မှု စသည့် သဘာဝဘေးအန္တရာယ်များ အရေအတွက်သည် ၂၀၀၅ခုနှစ်တွင် ၂၅ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ကြောင်း သုတေသီများက တနင်္လာနေ့တွင် ပြောကြားသည်။

သို့ရာတွင် ၂၀၀၄ခုနှစ်အတွင်းက အာရှဒေသ ဆူနာမီရေလှိုင်းကျရောက်မှုကြောင့် သေဆုံးခဲ့သည့် ဦးရေသည် ၂၄၄၅၇၇ အထိရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် သဘာဝဘေးကြောင့် သေဆုံးသူဦးရေ ၉၁၉၆၃ ဦးအထိ ကျဆင်းခဲ့သည်ဟု သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ကုလသမဂ္ဂ နိုင်ငံတကာ ဗျူဟာဌာန (အိုင်အက်စ်ဒီအာ)နှင့် ဘယ်လ်ဂျီယံ လူဗိန်သုတေသနဌာနက ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရှိရသည်။

၂၀၀၅ခု နှစ်အတွင်း ကက်ရှ်မီးယားနှင့် ပါကစ္စတန်နိုင်ငံ အနောက်မြောက်နယ်စပ်ပြည်နယ်တွင် အောက်တိုဘာလက လှုပ်ခဲ့သည့် ငလျင်ဖြစ်ရပ်တစ်ခုအတွင်း သေဆုံးသူ အများဆုံးရှိခဲ့ရာ ၂၀၀၅ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသူများ၏ ၈၀ ရာနှုန်းကျော်ဖြစ်သည်ဟု ဆိုသည်။

သေဆုံးသူဦးရေ

ဆူနာမီနှင့် ငလျင် သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသူများကို ထည့်မတွက်ပါက သဘာဝဘေးအန္တရာယ်ကြောင့် စုစုပေါင်း သေဆုံးသူဦးရေသည် ၂၀၀၀၀ အောက်တွင်သာရှိသည်။

၂၀၀၅ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ရပ် ၃၆၀ရှိခဲ့ကြောင်း၊ ကက်ထရီနာဟာရီကိန်းမုန်တိုင်းကြောင့် နယူးအော်လန်ရှိ လူ ၁၃၂၂ဦး သေဆုံးခဲ့ပြီး နိုင်ဂျီးရီးယားတွင် ဝက်သက်ရောဂါကြောင့် လူ ၅၀၀ ကျော် သေဆုံးခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်မှ တပ်ဖွဲ့ရုပ်သိမ်းရေးအစီအစဉ်အရ သက်ဆိုင်ရာတပ်ဖွဲ့များကို ဘူလ်ဂေးရီးယားဖျက်သိမ်း

ဆိုဖီယာ ဖေဖော်ဝါရီ ၁

အီရတ်နိုင်ငံရှိ နိုင်ငံစုံတပ်ဖွဲ့၌ ပါဝင်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့သော ဘူလ်ဂေးရီးယားတပ်ဖွဲ့ ယူနစ်များအား ပြန်လည်ဖျက်သိမ်းသည့် အခမ်းအနားကို သောကြာနေ့က ကျင်းပသည်။

ဘူလ်ဂေးရီးယားနိုင်ငံ အလယ်ပိုင်း ကာလိုဗိုမြို့တွင်အီရတ်ဆိုင်ရာဘူလ်ဂေးရီးယားတပ်ဖွဲ့ယူနစ်များကိုဖျက်သိမ်းသည့် အခမ်းအနား ကျင်းပရာ၌ သမ္မတ ဂေါ်ဂီပါဗာနော့ဗ်၊ ကာကွယ်ရေးဝန်ကြီး ဗက်ဆယ်လင်ဘလီနာကော့ဗ်၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နီကိုလာကိုလက်ဗ်၊ တပ်မှူးများနှင့် စစ်ဘက်ဆိုင်ရာ အရာရှိများ တက်ရောက်ကြသည်။

ဘူလ်ဂေးရီးယား တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတွင် ၂၉လကြာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အီရတ်နိုင်ငံမှ တပ်ဖွဲ့ရုပ်သိမ်းရေး အစီအစဉ်အရ ဘူလ်ဂေးရီးယားသမ္မတသည် အီရတ်သို့ စေလွှတ်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သော တပ်ဖွဲ့ယူနစ်များကို ပြန်လည်ဖျက်သိမ်းပေးလိုက်ခြင်းဖြစ်သည်။

ဆုံးဖြတ်ရမည်

ဘူလ်ဂေးရီးယား တပ်ဖွဲ့များသည် အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခဲ့ကြောင်း သမ္မတ ပါဗာနော့ဗ်က ပြောကြားသည်။ အီရတ်နိုင်ငံတွင် တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်မဟုတ်သော အခြားတပ်ဖွဲ့ဝင် ၁၂၀ခန့်ကို ဖြန့်ကြက်ရန်သင့်၊ မသင့် ဘူလ်ဂေးရီးယားအစိုးရက လာမည့်ရက်သတ္တပတ်တွင် ဆုံးဖြတ်ရမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

ဆွစ်ဇာလန်၌ အိဒ်စ်ရောဂါဖြစ်ပွားမှု ၂၀၀၅ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းလျော့ကျ

ဂျီနီဗာ ဖေဖော်ဝါရီ ၁

ဆွစ်ဇာလန်နိုင်ငံ၌ ၂၀၀၅ ခုနှစ်တွင် အိဒ်စ်ရောဂါဖြစ်ပွားသူ ၂၃၄ ဦးရှိခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်က အိဒ်စ်ရောဂါဖြစ်ပွားသူဦးရေနှင့် နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း ဆွစ်ဇာလန်ကျန်းမာရေးဌာနက တနင်္လာနေ့တွင် ကြေညာသည်။

၂၀၀၅ ခုနှစ်တွင် အိဒ်စ်ရောဂါဖြစ်ပွားသူ ၂၃၄ ဦးရှိခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ၂၉၈ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၀၅ ခုနှစ်တွင် အိပ်ချ်အိုင်ဗွီရောဂါပိုးရှိသူ ၇၀၂ ဦးရှိကြောင်း၊ ၂၀၀၄ ခုနှစ်ကထက် ၄၁ ဦးလျော့နည်းခဲ့ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘရာဇီးနိုင်ငံတွင် ယာဉ်မတော်တဆမှုဖြစ်ပွား လူ ၁၁ ဦးထက်မနည်း သေဆုံး

ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၃၁

ဘရာဇီးနိုင်ငံအလယ်ပိုင်း ဂိုလပ်စ်ပြည်နယ် ကိုရမ်ဘိုင်ဘာ မြူနီစပယ်ဒေသတွင် ဘတ်စ်ယာဉ်တစ်စီး ကျောက်ဆောင်ကမ်းပါးပေါ်မှ ကျသွားသဖြင့် လူ ၁၁ ဦးထက်မနည်း သေဆုံးပြီး လူ ၃၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တနင်္လာနေ့တွင်ဒေသခံမီဒီယာက ဖော်ပြသည်။

လမ်းတစ်ဖက်မှ ဦးတည်မောင်းနှင်လာသည့် ထရပ်ယာဉ်တစ်စီးကို ယင်းဘတ်စ်က တိုက်မိခြင်းမရှိစေရန် ကွေ့ရှောင်ရာမှ ဖော်ပြပါအတိုင်း ကမ်းပါးအောက်သို့ ထိုးကျခဲ့ခြင်းဖြစ်သည်ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့က မီဒီယာသို့ ပြောကြားသည်။

သေဆုံးသူများအပြင် ဒဏ်ရာရသူ ခရီးသည်တစ်ဦး ပျောက်ဆုံးလျက်ရှိသည်။ သေဆုံးသူများတွင် မာရင်ဟာအိုပြည်နယ်မှ ကုန်သည်အုပ်စုတစ်စု ပါဝင်သည်။ ယာဉ်မောင်းတစ်ဦး သေဆုံးပြီး အခြားယာဉ်မောင်းတစ်ဦး ဒဏ်ရာရခဲ့သည်။ ကယ်ဆယ်သူများက ဒဏ်ရာရသူများကို ကိုရမ်ဘိုင်ဘာနှင့် ကာတာလာအိုမြို့ရှိ ဆေးရုံများသို့ တင်ပို့ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နွားရိုင်းနှင့် လူယှဉ်ပြိုင်တိုက်ခိုက်သည့်ပွဲတွင် ပွဲကြည့်သူခုနစ်ဦး ဒဏ်ရာရရှိ

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁

မက္ကဆီကိုနိုင်ငံတွင် တန်ဝက်ခန့် အလေးချိန်ရှိ နွားရိုင်းတစ်ကောင်သည် လူယှဉ်ပြိုင်တိုက်ခိုက်ရာမှ ကြည့်ရှုနေသည့် ပရိသတ်အတွင်း ခုန်ပျံကျော်လွှားပြီး ဝင်တိုးခဲ့မှုကြောင့် လူခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ခုန်ကျော်

၁၁၀၇ ပေါင် (၅၀၃ကီလို)လေးသည့် နွားရိုင်း တစ်ကောင်က ကြောက်လန့်တကြားဖြစ်နေသည့် သတင်းစာဆရာများ၏ ခေါင်းပေါ်မှ ခုန်ကျော်တက်ခဲ့ပြီး ပရိသတ်အတွင်း ဝင်တိုးခဲ့ပုံနှင့် ပွဲကြည့်ပရိသတ် အုတ်အော်သောင်းတင်းဖြစ်နေပုံကို ရုပ်မြင်သံကြားအစီအစဉ်က ထုတ်လွှင့်ပြသခဲ့သည်။

ကမူးရှူးထိုးဖြစ်နေသည့် နွားရိုင်းက အမျိုးသမီးတစ်ဦးကို ဦးချိုဖြင့်ဝှေ့သဖြင့် အမျိုးသမီး၏ ရင်ဘတ်တွင် ဒဏ်ရာရရှိကာ ဆေးရုံသို့တင်ပို့ ကုသထားရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် သီးခြားတိုက်ခိုက်မှုများဖြစ်ပွား အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အနီးတွင် သီးခြားဖြစ်ပွားသည့် တိုက်ခိုက်မှုများ တနင်္ဂနွေနေ့ကဖြစ်ပွားခဲ့ရာ အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ရဲတပ်ဖွဲ့ လှည့်ကင်းယာဉ်တစ်စီးသည် ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်း အယ်လ်အဒယ်အရပ်တွင် မောင်းနှင်သွားစဉ် လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ပိုင်ယာဉ်တစ်စီး ပျက်စီးခဲ့ရသည်ဟု အဆိုပါသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

အခြားဖြစ်ရပ်တစ်ခုတွင် ဘဂ္ဂဒက်တောင်ပိုင်း ကီလိုမီတာ ၃၀ ခန့်အကွာရှိ လာတီဖီယာမြို့တွင် အီရတ် ကြည်းတပ်မှ ကင်းလှည့်ယာဉ်အနီး လမ်းဘေးဗုံးပေါက်ကွဲသဖြင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

တစ်ချိန်တည်းမှာပင် ဘဂ္ဂဒက်တောင်ပိုင်း ဒူရာခရိုင်တွင် စိန်ပြောင်းကျည်များ ကျရောက်ခဲ့သဖြင့် အရပ်သားငါးဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။ စောစောပိုင်းကလည်း ဘဂ္ဂဒက်ရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်းလေးကျောင်းကို ပစ်မှတ်ထားတိုက်ခိုက်သည့် ကားဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့၍ အီရတ် ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။



ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့မှ မိုင် ၆၀ အကွာ ဒိုမီလီတွင် လမ်းချော် တိမ်းမှောက်သွားသော ရထားတွဲများကို ဇန်နဝါရီ ၂၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တန်ဇန်းနီးယားနှင့်အိန္ဒိယ ကုန်သွယ်မှုပမာဏမြင့်တက်

ဒါရက်ဆလမ် ဖေဖော်ဝါရီ ၁

တန်ဇန်းနီးယားနှင့် အိန္ဒိယနိုင်ငံတို့၏ ကုန်သွယ်မှုပမာဏမှာ မြင့်တက်လျက်ရှိကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၇ဒသမ၈ သန်းရှိရာမှ ၂၀၀၄ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၃၂၀ထိ ရှိလာကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

၂၀၀၅ခုနှစ် ပထမခုနစ်လတာကာလအတွင်း နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာအမေရိကန် ဒေါ်လာ ၁၁၂ သန်းရှိကြောင်း ဒါရက်ဆလမ်မြို့ရှိ အိန္ဒိယသံရုံးက ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရှိရသည်။

တန်ဇန်းနီးယားသည် အိန္ဒိယမှစက်ယန္တရားများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသုံးသီးနှံများ၊ အဝတ်အထည်များ၊ မော်တော်ယာဉ်များနှင့် စက်ဆီအမျိုးမျိုးကို အဓိကတင်သွင်းပြီး အိန္ဒိယသို့ သီဟိုဠ်သရက်စေ့များ၊ ကျောက်မျက်များ၊ ချည်ကြမ်းများ၊ လေးညှင်းပွင့်များနှင့် အခြားဟင်းခတ်အမွှေးအကြိုင်များကို အဓိကတင်ပို့သည်။

၂၀၀၀ပြည့်နှစ်တွင် တန်ဇန်းနီးယားက အိန္ဒိယသို့တင်ပို့သော ပို့ကုန်ပမာဏမှာ တန်ဇန်းနီးယားက အိန္ဒိယမှတင်သွင်းသော သွင်းကုန်ပမာဏထက် ပိုမိုများပြားသည်။

၂၀၀၄ခုနှစ်တွင် တန်ဇန်းနီးယားက အမေရိကန်ဒေါ်လာ ၂၁၈ဒသမ၃သန်းတန်ဖိုးရှိ ကုန်ပစ္စည်းများကို အိန္ဒိယမှ တင်သွင်းပြီး အမေရိကန်ဒေါ်လာ ၁၀၁ဒသမ၇ သန်းတန်ဖိုးရှိ ကုန်ပစ္စည်းများကို အိန္ဒိယသို့ တင်ပို့ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန် နျူကလီးယားပြဿနာ လုံခြုံရေးကောင်စီသို့ တင်ပြမှု ဥပဒေနှင့်မညီဟု အီရန်ပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၁

အီရန်နိုင်ငံ၏နျူကလီးယားပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြမည့်လှုပ်ရှားမှုသည် တရားမျှတမှု မရှိကြောင်း၊ အဏုမြူသုတေသနပြုလုပ်မှုနှင့် အဏုမြူလက်နက်ထုတ်လုပ်မှုရပ်ဆိုင်းရန် ဥရောပနိုင်ငံများ၏ တောင်းဆိုမှုများကို အီရန်နိုင်ငံအနေဖြင့် လိုက်လျောမည် မဟုတ်ကြောင်း အင်္ဂါနေ့က ပြောကြားသည်။

တွေ့ဆုံမေးမြန်း

အီရန်၏ နျူကလီးယားပြဿနာကို လုံခြုံရေးကောင်စီသို့ တင်ပြမှုသည် တရားဥပဒေနှင့် ညီညွတ်မှု မရှိကြောင်း၊ ယင်းသို့ ပြုလုပ်ခြင်းဖြင့် ဥရောပနိုင်ငံများအနေဖြင့် အခက်အခဲများဖြင့် ရင်ဆိုင်ရနိုင်သည်ဟု အီရန်အဏုမြူစွမ်းအင်အဖွဲ့ အကြီးအကဲဖြစ်သူဂိုလမ်ရီဇာအက်ဟာဇာဒေးက အင်အက်စ်အင်အေ သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)နှင့် အီရန်မည်သို့ ပူးပေါင်းဆောင်ရွက်ရမည်နှင့် ပတ်သက်သည့်ကိစ္စကို အိုင်အေအီးအေက လုံခြုံရေးကောင်စီသို့ အစီရင်ခံစာ တင်ပြသင့်သည်ဟု လုံခြုံရေး ကောင်စီအမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံက သဘောတူညီခဲ့ပြီး ဂိုလမ်ရီဇာက ဖော်ပြပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

အီရန်ပြဿနာကို လုံခြုံရေးကောင်စီသို့ တရားဝင်တင်ပြမည့် ဥရောပနိုင်ငံများ၏ အကြောင်းပြချက်ကို အီရန်က လက်ခံခြင်း မရှိပေ။

သို့ရာတွင် ယင်းပြဿနာကို လုံခြုံရေးကောင်စီသို့ တင်ပြခြင်း သို့မဟုတ် အကြောင်းကြားမှု ပြုလုပ်ပါက ကုလသမဂ္ဂစစ်ဆေးရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်မှုမပြုလုပ်ဘဲ ယူရေနီယံသန့်စင်မှု လုပ်ငန်းဆက်လက်ဆောင်ရွက်မည်ဟု အီရန်မှ တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်အမျိုးသမီးအား ကန်ရေတပ်သား သတ်ဖြတ်သည့်ကိစ္စ ပြည်သူများမကျေနပ်၍ ကန့်ကွက်ဆန္ဒပြ

တိုကျို ဖေဖော်ဝါရီ ၁

အသက်(၅၆)နှစ်အရွယ်ရှိ ဂျပန်အမျိုးသမီးကြီးတစ်ဦးကို ဂျပန်နိုင်ငံတွင် ရောက်ရှိနေသော အမေရိကန်ရေတပ်သားက သတ်ဖြတ်လုယက်မှုကျူးလွန်ခဲ့သည့်ကိစ္စကို မကျေနပ်သဖြင့် ဇန်နဝါရီ ၂၈ရက်က ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

အဆိုပါ အမှုစတင်တရားစွဲဆိုသည့် အချိန်မှာပင် ပြည်သူ ၈၀၀ခန့်တို့က ချီတက် ဆန္ဒပြကြခြင်းဖြစ်သည်။ တိုကျိုမြို့တောင်ဘက် ယိုကိုဆူကာ အမေရိကန် ရေတပ်အခြေစိုက်စခန်းအနီးရှိ ပန်းခြံတွင် လူစုရုံးကြပြီး ချီတက်ခဲ့ကြခြင်းဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြခဲ့သည်။

ထုတ်ပြန်

အမေရိကန်တပ်ဖွဲ့ဝင်များ ပါဝင်သောပြစ်မှုကျူးလွန်သည့်အဖြစ်မျိုးသည် ယိုကိုစူကာတပ်စခန်း တစ်နေရာတည်းတွင်သာပေါ်ပေါက်ခဲ့သည်မဟုတ် အမေရိကန် စစ်စခန်းများရှိရာ အခြားဒေသများ၌လည်းဖြစ်ပွားခဲ့သည်။ ဥပမာဆိုပါက အိုကီနာဝါကဲ့သို့သော ကန်တပ်စခန်းများ၌လည်း ပေါ်ပေါက်ခဲ့ကြောင်း ဆန္ဒပြပွဲတွင် ပါဝင်သူရှေ့နေမာဆာဟီကိုဂိုတိုက ပြောကြားသည်ကိုကိုးကား၍ ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

တရားစွဲဆို

လုယက်သတ်ဖြတ်ခံရသူ ဂျပန်အမျိုးသမီးကြီးမှာ ယိုရှီဆာတိုဆိုသူ အမျိုးသမီးကြီးဖြစ်သည်။ ထိုအမှုသည် ယိုကိုဆူကာအရပ်တွင် ဇန်နဝါရီလ ၃ ရက်ကဖြစ်ပွားခဲ့ပြီး ပြစ်မှုကျူးလွန်သူမှာ အသက် (၂၁) နှစ်ရှိ အမေရိကန်ရေတပ်သားဝီလီယမ်ရီဆီဆိုသူ ဖြစ်သည်။ ၎င်းကို ဇန်နဝါရီ ၂၇ရက်က တရားစွဲဆိုခဲ့သည်။

ဂျပန်နိုင်ငံရှိ အမေရိကန် စစ်စခန်းများအရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံဆက်ဆံရေးမပြေမလည် ဖြစ်ပေါ်နေချိန်တွင် အထက်ဖော်ပြပါ မှုခင်းပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံတွင် ဗုံးပေါက်ကွဲ အီတလီတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရ

ရောမ ဇန်နဝါရီ ၃၁

အီတလီတပ်ဖွဲ့ဝင်များဖြန့်ကြက်ထားသည့် ဌာနချုပ်ရှိရာ နာဆီရီယာမြို့အနီးတွင် လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် အီတလီတပ်ဖွဲ့ဝင်တစ်ဦး အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အီတလီမီဒီယာက ဖော်ပြသည်။

မော်တော်ယာဉ် သုံးစီးပါဝင်သည့် မော်တော်ယာဉ်တန်းတစ်ခုအတွင်းမှ မော်တော်ယာဉ်တစ်စီးပေါ်တွင် ၎င်းအီတလီတပ်ဖွဲ့ဝင် စီးနင်းလိုက်ပါခဲ့ရာ ထိုသူစီးနင်းသည့် မော်တော်ယာဉ်ဗုံးထိမှန်ခံရသဖြင့် ၎င်း၏ လက်ဝဲလက်မောင်းတွင် ဗုံးဆန်မှန်ကာ ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

အဆိုပါ မော်တော်ယာဉ်တန်းသည် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် ကျေးရွာတစ်ရွာသို့ အသွား လမ်းတွင် ဗုံးဖောက်ခွဲခံရခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှား ရေပြင်တွင် လုံခြုံရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်း ဆောင်ရွက်နေသော အင်ဒိုနီးရှားရေတပ် ရေယာဉ်တစ်စင်းကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြောက်ကျားများနှင့် ပစ်ခတ်မှုဖြစ်ပွား အီရတ်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘာကူဘာ(အီရတ်) ဖေဖော်ဝါရီ ၁

အီရတ်တပ်ဖွဲ့ဝင်များနှင့်ပြောက်ကျားများ အီရတ်နိုင်ငံမြောက်ပိုင်းဒေသတွင် အင်္ဂါနေ့က အပြင်းအထန်ပစ်ခတ်တိုက်ခိုက်ကြရာ အီရတ်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်တပ်ဖွဲ့ဝင်များကပြောက်ကျားများကိုဘာကူဘာမြို့တောင်ပိုင်းရှိ ဘူရုဇ်ဒေသတွင် တိုက်ခိုက်ခဲ့ကြောင်း၊ တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး အခြားတပ်ဖွဲ့ဝင်သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဒိုင်ယာလာမြို့ရှိအီရတ်အမေရိကန်ပူးတွဲ ညှိနှိုင်းရေးသတင်းရပ်ကွက်ကဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အခြားသီးခြားဖြစ်ပွားသည့် ဖြစ်ရပ်တစ်ခုတွင် အမည်မသိသေနတ်သမားများကမုဒါဒီယာမြို့ရှိအာရပ်ခေါင်းဆောင် အယ်-ဟမ်ဒါနီ၏အိမ်ကို တနင်္လာနေ့က စီးနင်းတိုက်ခိုက်ခဲ့သည်ဟု အဆိုပါရပ်ကွက်က ပြောကြားသည်။

သေနတ်သမားများက ဟမ်ဒါနီ၏ ဇနီးနှင့် ကလေးနှစ်ဦးကို သတ်ဖြတ်ခဲ့သည်ဟု သတင်းကဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်သေဆုံး

လန်ဒန် ဖေဖော်ဝါရီ ၁

အီရတ်နိုင်ငံ တောင်ပိုင်းဒေသတွင် အင်္ဂါနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့စဉ် အတွင်းဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ရာအမေရိကန်တပ်ဖွဲ့ဝင်များဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ်က ကျူးကျော်တိုက်ခိုက်ပြီးသည့်နောက် သေဆုံးသည့်ဗြိတိသျှတပ်ဖွဲ့ဝင် ဦးရေသည် ၁၀၀ ရှိသွားပြီဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြခဲ့သည်။

ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျွန်ရိဒ်က ကာကွယ်ရေးဌာနချုပ်၏ အပြင်ဘက်တွင် သတင်းစာဆရာများနှင့် တွေ့ဆုံရာ၌ ဗြိတိန်တပ်ဖွဲ့ဝင် ၁၀၀ မြောက်သေဆုံးသွားသည့်သတင်းကို မကြေညာစဖူး ကြေညာလိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယနိုင်ငံ ရာဂျာစသန်ပြည်နယ်တွင် ကချေသည်များ ရိုးရာအက ကပြဖျော်ဖြေနေသည်ကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားနိုင်ငံ ရေနံသွင်းကုန်အတွက် ငွေကြေးသုံးစွဲမှု ၄၀ရာခိုင်နှုန်း မြင့်တက်

ဆိုးလ် ဇန်နဝါရီ ၃၁

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင်စတုတ္ထအများဆုံးရေနံတင်သွင်းသော နိုင်ငံဖြစ်လာကြောင်း၊ ၂၀၀၄ ခုနှစ်ကထက်၂၀၀၅ ခုနှစ်တွင် ရေနံတင်သွင်းမှုအတွက် ငွေကြေးသုံးစွဲမှု၄၀ ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း၊ ရေနံဈေးနှုန်းမြင့်တက်လာခြင်းနှင့်ရေနံသုံးစွဲမှုများပြားလာခြင်းတို့ကြောင့် ရေနံသွင်းကုန်အတွက်ငွေကြေး ပိုမိုသုံးစွဲလာရခြင်းဖြစ်ကြောင်း ဇန်နဝါရီ ၃၀ ရက်က အစိုးရအစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြထားသည်။

ပိုမိုများပြား

တောင်ကိုရီးယားနိုင်ငံ၏ ဘဏ္ဍာလုပ်ငန်းဌာန(ဘီအိုကေ)နှင့် ဘဏ္ဍာရေးရာနှင့် စီးပွားရေးဝန်ကြီးဌာန တို့၏ အစီရင်ခံစာတစ်ရပ်အရ ၂၀၀၅ ခုနှစ်တွင် ရေနံတင်သွင်းမှုကြောင့် အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၇ ဘီလီယံ သုံးစွဲခဲ့ရပြီး ၂၀၀၄ ခုနှစ်ကထက် ၄၂ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုများပြားလာသည်ဟု သိရှိရသည်။

တောင်ကိုရီးယားနိုင်ငံသည် ရေနံတင်သွင်းမှု စတင်ချိန်မှစ၍ သယ်ယူစရိတ်နှင့် အာမခံစရိတ် အပါအဝင် ကုန်ကျစရိတ်များသည် ၂၀၀၅ ခုနှစ်တွင် ကုန်ကျမှု အများဆုံးဖြစ်သည်ဟု ဖော်ပြထားသည်။

ပိုမိုသုံးစွဲ

တောင်ကိုရီးယားနိုင်ငံသည် ရေနံတင်သွင်းမှုကို မှီခိုအားထားနေရသည်။ ဒူဘိုင်းရေနံစိမ်းတစ်စည်လျှင် ၂၀၀၄ ခုနှစ်က အမေရိကန်ဒေါ်လာ၃၆ ဒသမ ၁၅ ရှိရာမှ ယမန်နှစ်က အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၆၀ ရှိခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်က ရေနံစည်ပေါင်း ၈၂၇ ဒသမ ၅ သန်းသုံးစွဲခဲ့ရာမှ၂၀၀၅ ခုနှစ်တွင် ရေနံစည်သန်းပေါင်း ၈၄၄ ဒသမ၁ သန်းထိ ပိုမိုသုံးစွဲလာရကြောင်း အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။

ယခုနှစ်တွင်လည်း တောင်ကိုရီးယားနိုင်ငံသည် ပြည်ပမှ ရေနံတင်သွင်းမှု ပိုမိုများပြားလာဖွယ်ရှိကြောင်း၊ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၅ အထက်တွင်ရှိမည်ဟု မျှော်မှန်းထားကြောင်း သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် နှင်းထူထပ်စွာကျ၍ လူ ၁၇ ဦးသေဆုံး

ကဘူး ဖေဖော်ဝါရီ ၁

အာဖဂန်နစ္စတန်နိုင်ငံ၏ အရှေ့မြောက်ပိုင်း ဘာဒက်ရှန်ဒေသတွင် ရက်သတ္တတစ်ပတ်နီးပါးကြာ နှင်းသိပ်သည်းစွာကျရောက်ခဲ့မှုကြောင့် လူ၁၇ ဦးသေဆုံးခဲ့ကြောင်းဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်ခုနစ်ခုတွင် ရက်သတ္တတစ်ပတ်လုံးနီးပါး နှင်းထူထပ်စွာ ကျရောက်ခဲ့မှုကြောင့် ဆက်သွယ်ရေးပြတ်တောက်ကာ လူ ၁၇ ဦးသေဆုံးပြီး လူလေးဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် တိရစ္ဆာန်ကောင်ရေ ၁၀၀၀ ခန့် သေဆုံးပြီး အိမ်ခြေ ၁၀၀ ကျော် လုံးဝသို့မဟုတ် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး မန်ရှီအဗ္ဗဒူမာဂျစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကိုဟီစတန်-အီ-ရက်ခရိုင်သည် ထိခိုက်ပျက်စီးမှု အများဆုံးဖြစ်ခဲ့သည့် ခရိုင်ဖြစ်ပြီး ဆီးနှင်းနှင့် ကျောက်တုံးများ ပြိုကျမှုကြောင့် ကျေးရွာပျက်စီးခဲ့ရသည်။ လူ ၁၅ ဦးကို ထိုအပျက်အစီများကြားမှ ဆွဲထုတ်ယူခဲ့ရကြောင်း၊ မိမိတို့က ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ထားပြီးကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေကြောင်း မာဂျစ်က ပြောကြားသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးက ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ဒုတိယသမ္မတ ကာရင်ခါလီလီနှင့် ဆွေးနွေးလျက်ရှိပြီး ဒုတိယသမ္မတက အခင်းဖြစ်ပွားရာ ဒေသသို့ ကယ်ဆယ်ရေးဝန်ထမ်းများ စေလွှတ်ပေးရန်နှင့် အကူအညီများပေးရန် ကတိပြုခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

ဒေါက်တာ သီတာစန်း

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၄ရက်နေ့တွင် ကျင်းပမည့် ကမ္ဘာ့ကင်ဆာရောဂါကာကွယ်ထိန်းသိမ်းရေးနေ့သည် ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ထိပ်သီး ကင်ဆာရောဂါတိုက်ဖျက်ရေးညီလာခံ၏ နှစ်ပတ်လည်နေ့ ဖြစ်ပါသည်။ ၎င်းညီလာခံမှ ကင်ဆာရောဂါ တိုက်ဖျက်ရေး မူဝါဒစာတမ်းတစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ ၎င်းမူဝါဒစာတမ်း၏ ရည်ရွယ်ချက်မှာ ကင်ဆာရောဂါကုသမှု တိုးတက်ရန်နှင့် တစ်ကမ္ဘာလုံးကင်ဆာရောဂါနှင့် ပတ်သက်၍ ဝိုင်းဝန်းသုတေသနပြုကြရန် ဖြစ်ပါသည်။

ကင်ဆာရောဂါတိုက်ဖျက်ရေး(ပါရီ)မူဝါဒစာတမ်းပါအချက် ၁၀ခုတွင် ကင်ဆာရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကင်ဆာလူနာတို့၏ အခွင့်အရေးကို ကာကွယ်မှု၊ သုတေသနပြုမှုနှင့် ကင်ဆာလူနာတို့၏ ဘဝအရည်အသွေးတိုးတက်စေရန်တို့ ပါဝင်ပါသည်။ ၎င်းမူဝါဒစာတမ်းအပေါ်မူတည်၍ ဖေဖော်ဝါရီလ ၄ ရက်နေ့ကို ကမ္ဘာ့ကင်ဆာရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ဟု သတ်မှတ်ခြင်းဖြစ်ပါသည်။ ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ ကျင်းပခြင်းဖြင့် ကင်ဆာဝေဒနာရှင်များ ခံစားနေရမှုတို့ကို နိုင်ငံတော်အစိုးရများ၊ မူဝါဒချမှတ်သူများနှင့် သတင်းဖြန့်ချိသူများအား အစဉ်အမြဲသိရှိနေစေရန် ဖြစ်ပါသည်။

ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့၏ ရည်ရွယ်ချက်

ကင်ဆာရောဂါကြောင့် လူနေမှုဘဝအပေါ် သက်ရောက်သည့် ဆိုးကျိုးများနှင့် ဝေဒနာခံစားရမှုတို့ကို လူအများသိရှိစေရန်–

* **လက်ရှိပြဿနာဖြေရှင်းနိုင်သည့်နည်းလမ်းများကို ပိုမိုနားလည်နိုင်စေရန်၊**

  ကင်ဆာရောဂါကာကွယ်ရေးနည်းလမ်းများကို အများပြည်သူ သိရှိစေရန်နှင့် ကင်ဆာဝေဒနာရှင်နှင့် ၎င်းတို့၏ မိသားစုသည် ကင်ဆာရောဂါကုသမှုဆိုင်ရာနှင့် ဝေဒနာသက်သာအောင် ပြုစုနည်းများကို ရှင်းလင်းစွာ သိရှိနိုင်စေရန်၊

* **အသိတရားအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်၊**

  လာမည့်နှစ်အနည်းငယ်အတွင်း ကင်ဆာရောဂါကုသမှုနှင့် ကိုယ်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများ ပိုမိုပေါ်ထွက်လာမည်ဖြစ်ပါသည်။

* **ပူးပေါင်းတာဝန်ယူမှုနှင့် အကောင်အထည်ဖော်မှုကို ဦးစားပေး ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။**

  မိသားစုများ၊ လူမှုအဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသည်ကင်ဆာဝေဒနာရှင်များအတွက် ဝန်ဆောင်မှုများပေးခြင်း နှင့် ပိုမိုကောင်းမွန်သော အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရန် ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

ကင်ဆာရောဂါမှာ ကမ္ဘာတစ်ဝန်းတွင် ပြည်သူ့ကျန်းမာရေးအတွက် ပြဿနာတစ်ရပ်ဖြစ်လာပါသည်။ ကင်ဆာရောဂါသည် ဆင်းရဲချမ်းသာမရွေး၊ အသက်ကြီးငယ်မရွေး၊ ယောကျ်ား၊ မိန်းမကလေးပါ မကျန်ဖြစ်ပွားနိုင်သော ရောဂါဖြစ်သည်။ အသက်အန္တရာယ်ကို ဒုက္ခပေးစေသည့် အခြားရောဂါများနည်းတူ ကင်ဆာရောဂါကို ကာကွယ်၍ရသလို ကုသ၍လည်းရပါသည်။

နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၁၀သန်းနှင့်အထက် ကင်ဆာရောဂါဖြစ်ပွားခံစားရပါသည်။ ပညာရှင်များ၏ ခန့်မှန်းချက်အရ ၂၀၂၀ ပြည့်နှစ်တွင် ကင်ဆာရောဂါဝေဒနာရှင်လူနာသစ်များ နှစ်စဉ် ၁၅ သန်းခန့် ဖြစ်ပွားလာမည်ဟု မှန်းဆထားပါသည်။ ကင်ဆာရောဂါကြောင့် နှစ်စဉ်လူပေါင်း ခြောက်သန်းသေဆုံးရပြီး ၎င်းမှာတစ်ကမ္ဘာလုံးရှိ သေဆုံးမှုများ၏ ၁၂ ရာခိုင်နှုန်း ဖြစ်ပါသည်။

ကင်ဆာရောဂါအပါအဝင် အခြားနာတာရှည်ရောဂါ အများအပြားတစ်ကမ္ဘာလုံးတွင် တိုး၍ဖြစ်ပွားနေခြင်းမှာ ယနေ့လူများ၏ နေထိုင်စားသောက်မှု ပုံစံနစ်များကြောင့်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ အဝလွန်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ကွမ်းငုံခြင်း၊ အရက်သောက်ခြင်းစသည့်အချက်များသည် ရောဂါများကို ပိုမိုဖြစ်ပွားစေပါသည်။

ကမ္ဘာပေါ်တွင် ကင်ဆာရောဂါကြောင့် သေဆုံးသည့် ဦးရေသည် အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးသည့် ဦးရေထက် နှစ်ဆရှိပါသည်။ အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့်ငှက်ဖျားရောဂါတို့ကြောင့် သေဆုံးသူအားလုံးထက် ကင်ဆာရောဂါကြောင့် သေဆုံးသည့်ဦးရေသည် ပိုများပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကင်ဆာရောဂါကြောင့် သေဆုံးမှုသည် သက်တမ်းမစေ့မီ သေဆုံးရမှု၌ ထိပ်ဆုံးတွင်ရှိနေသော ရောဂါဖြစ်ပါသည်။

ကင်ဆာရောဂါကို တွန်းလှန်တိုက်ဖျက်ရာတွင် ကာကွယ်ခြင်းနှင့် စောစီးစွာသိရှိအောင် ကြိုးစားခြင်းမှာ အထိရောက်ဆုံးလက်နက်နှစ်ခုဖြစ်ပါသည်။ ထိုသို့ ကာကွယ်ရန်နှင့် စောစီးစွာ သိရှိနိုင်ရန်အတွက် ပညာပေးခြင်းနှင့် ကျန်းမာရေးအသိစိတ်များ မြှင့်တင်ပေးခြင်းများကို ဦးစားပေး၍ လုပ်ဆောင်ရပါမည်။ လူအများစုမှာကင်ဆာရောဂါနှင့်ပတ်သက်၍ အသိပညာနည်းပါးကြရာ ရောဂါလွန်မှ လာရောက်ကုသကြပါသည်။

ကင်ဆာရောဂါကို ကာကွယ်နိုင်၍ ပျောက်ကင်းအောင်လည်း ကုသပေးနိုင်ပါသည်။ လေ့လာတွေ့ရှိထားချက်များမှ ရရှိသောအကြောင်းအချက်များကို သိရှိလိုက်နာခြင်းအားဖြင့် နှစ်စဉ် ကင်ဆာဖြစ်ပွားသူ ၁၁ သန်းခန့်၏ သုံးပုံတစ်ပုံကို ကာကွယ်နိုင်မည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှုကို စောစီးစွာသိရှိပြီး ထိရောက်စွာကုသမှုခံယူခြင်းဖြင့် နောက်ထပ်ဝေဒနာရှင် သုံးပုံတစ်ပုံကို ပျောက်ကင်းအောင် ကုသပေးနိုင်မည်ဖြစ်ပါသည်။ သို့သော် လက်ရှိအခြေ အနေတွင် ရည်မှန်းချက်နှင့်လက်တွေ့မှာ များစွာကွာခြားလျက် ရှိနေပါသည်။

ပြည်သူများအတွင်း ကင်ဆာရောဂါတားဆီးကာကွယ်ရေးနှင့် ကုသရေးအတွက် အသိပညာများ တိုးတက်များပြားလာသော်လည်း နှစ်စဉ်ကင်ဆာရောဂါဖြစ်ပွားသူနှင့် ကင်ဆာရောဂါကြောင့်သေဆုံးရသူဦးရေတို့မှာလျော့မသွားပါ။ ကင်ဆာရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းကို တာဝန်ရှိသူ အသီးသီးက ဦးစားပေးဆောင်ရွက်ကြရန်လိုအပ်ပါသည်။ ကင်ဆာရောဂါဖြစ်ပွားမှုအပေါ် ကမ္ဘာ့လူသားတို့၏ အလေးမထားမှုကြောင့် ၂၀၂၀ပြည့်နှစ်တွင် ကင်ဆာရောဂါကြောင့် သေဆုံးသူ ၁၀ သန်းကျော် ရှိလာမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကင်ဆာဝေဒနာရှင်အားလုံး၏ ၈၀ မှ ၉၀ ရာခိုင်နှုန်းသည် ရောဂါဝေဒနာကို စတင်တွေ့ရှိချိန်၌ အဆင့်လွန်ပြီး ကုသ၍မပျောက်ကင်းနိုင်သော အခြေအနေသို့ရောက်ရှိနေပါသည်။ ကင်ဆာရောဂါနှင့် ပတ်သက်သည့် အသိပညာနှင့် နည်းပညာများအား ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ရန်လိုပါသည်။

သိပ္ပံပညာ၏ တိုးတက်မှုနှင့် ကောင်းမွန်သော မူဝါဒများ ပူးတွဲဆောင်ရွက်ခြင်းကြောင့် ကင်ဆာရောဂါ၏ ဝန်ထုပ်ဝန်ပိုးများကို များစွာလျော့နည်းစေပါသည်။

ယခုနှစ် ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေး လှုပ်ရှားမှုလုပ်ငန်းတွင် ကလေးများတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါများအပေါ် ဦးတည်ချက်ထားပါသည်။

သုတေသနပြုသူများ၊ ကျန်းမာရေးစောင့်ရှောက်ပေးသူများ၊ လူနာများ၊ အစိုးရများ၊ စက်မှုလုပ်ငန်းများ၊ မီဒီယာများ ပူးပေါင်း၍ ကင်ဆာရောဂါနှင့် တကွ ၎င်းနှင့်ပူးတွဲခံစားရသည့် ကြောက်ရွံ့မှု၊ အသိတရားကင်းမဲ့မှုနှင့် အလေးမထားပြုမှုများကို တိုက်ဖျက်ကြရန် နှိုးဆော်ထားပါသည်။

ယခု ၂၀၀၆ ခုနှစ် ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ "My Child Matters" **'ကင်ဆာကင်းဝေး တို့ရင်သွေး၊ ဆောလျင်မနေး ကုသပေး'** ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ ကလေးများတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါများ၏ ထိုးနှက်ချက်များပေါ်မူတည်၍ ယခုနှစ် ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့တွင် ကဏ္ဍသုံးခု သတ်မှတ်ထားပါသည်။ ၎င်းတို့မှာ–

- **သုတေသနလုပ်ငန်းများအား ပံ့ပိုးပေးခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးများတွင် ကင်ဆာရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများကို လျှော့ချရန်၊**
- **၂၀၀၆ ဖေဖော်ဝါရီ ၄ ရက်နေ့တွင် ကလေးများတွင်ဖြစ်သော ကင်ဆာရောဂါနှင့်ပတ်သက်၍ ပြည့်ဝစုံလင်သော အချက်အလက်စာတမ်းများကို အများပြည်သူသို့ ဝေငှပေးရန်၊**
- **ကင်ဆာရောဂါ၏ဆိုးကျိုးများကို ခံစားနေရသော ကလေးများနှင့် ၎င်းတို့၏ မိသားစုများကို တစ်ကမ္ဘာလုံးမှ အလေးမူသတိပြုမိစေရန်၊ လှုပ်ရှားဆောင်ရွက်ရန်** တို့ ဖြစ်ပါသည်။

တစ်ကမ္ဘာလုံးတွင် နှစ်စဉ်ကလေးပေါင်း ၁၆၀၀၀၀ တွင် ကင်ဆာရောဂါဖြစ်ပွားပြီး ၉၀၀၀၀ ခန့်မှာ ယင်းရောဂါကြောင့် သေဆုံးကြရပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကလေးများတွင်ဖြစ်သော ကင်ဆာရောဂါ ကြောင့် သေဆုံးရမှုမှာ ၅၀ ရာခိုင်နှုန်းထက်နည်းသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၈၀ ရာခိုင်နှုန်းမှာ ယင်းရောဂါကြောင့် သေဆုံးနေရသည်ကို တွေ့ရှိရပါသည်။ ကလေးများတွင် ဖြစ်ပွားသော ကင်ဆာရောဂါသည် လူကြီးများတွင် ဖြစ်ပွားသော ကင်ဆာရောဂါထက်နှစ်ဆခန့်ပိုမိုပျောက်ကင်းအောင် ကုသနိုင်ပါသည်။ ကလေး၏အသက်ကို ကယ်တင်နိုင်ရန်အတွက် ၎င်းတို့တွင် ဖြစ်ပွားသော ကင်ဆာရောဂါကို သိရှိရန်နှင့်ကုသမှုခံယူရန်များစွာအရေးကြီးပါသည်။ လက်ရှိအခြေအနေတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါဖြစ်ပွားသော ကလေးများ၏ ၂၀ ရာခိုင်နှုန်းသာ လိုအပ်သော ကုသမှုကို ရရှိပါသည်။

ကလေးကင်ဆာရောဂါသည် ဖြစ်ပွားမှုကို စောစီးစွာသိရှိပြီး ထိရောက်စွာ ကုသပါက ပျောက်ကင်း

ကမ္ဘာပေါ်တွင် ကလေးလူနာအားလုံး၏ ၈၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ပါသည်။ ၎င်းတို့ မှာ များသောအားဖြင့် ရောဂါဖြစ်ပွားမှုကို နောက်ကျမှသိရှိကြသည်။ တစ်ခါတစ်ရံတွင် သေဆုံးသည်အထိ ရောဂါအမှန်ကို မသိလိုက်ကြပါ။ ထိရောက်သော ကုသမှုမခံရပါက ၎င်းကင်ဆာရောဂါဖြစ်ပွားသူ ကလေး နှစ်ဦးတွင် တစ်ဦးမှာ သေဆုံးမည်ဖြစ်ပါသည်။ ကလေးကင်ဆာရောဂါကုသရန်အတွက် ငွေကုန်ကြေးကျ မများပါ။ ဌာနေဆရာဝန်များနှင့် ကုသမှုဆိုင်ရာ သက်ဆိုင်သူများအား လိုအပ်သော သင်တန်းများပေးခြင်းဖြင့် လက်ရှိကုသမှုဆိုင်ရာပစ္စည်းများ အသုံးပြု၍ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကင်ဆာရောဂါခံစားနေရသော ကလေးများ၏ ကံကြမ္မာကို ဦးစားပေးစဉ်းစားရန် လိုအပ်ပါသည်။ရောဂါလက္ခဏာများကိုသိရှိရန်အလွန်အရေးကြီးပါသည်။ရောဂါလက္ခဏာများကို သိရှိခြင်းအားဖြင့် ကလေးများ၏အသက်ကို ကယ်တင်နိုင်ပါမည်။ ကလေးများတွင်ဖြစ်သော ကင်ဆာများမှာ လူကြီးကင်ဆာများနှင့် ခြားနားပြီး ကုသမှုနှင့် ပျောက်ကင်းသည့်နှုန်းလည်းကွဲပြားခြားနားမှုရှိပါသည်။ နိုင်ငံအလိုက်လည်းဖြစ်ပွားသည့် ကင်ဆာအမျိုးအစားကွာခြားပါသည်။ ဥပမာ– ဥရောပ၊ အမေရိကနှင့် အရှေ့ အာရှတွင် ကလေးကင်ဆာ၏ သုံးပုံတစ်ပုံမှာ သွေးကင်ဆာရောဂါဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သားငံရည် အကျိတ်မှဖြစ်သော ကင်ဆာ(ကပိုစီဆာ ကိုးမား)နှင့် မျက်စိအာရုံခံအလွှာတွင်ဖြစ်သော ကင်ဆာဖြစ်ပွားမှု ပိုမိုများပါသည်။

အာဖရိကတွင် HIV/AIDS ရောဂါမှာ ကလေးများ၏ အဓိကကျန်းမာရေးပြဿနာဖြစ်သော်လည်း အာရှ၊ အမေရိကနှင့် အရှေ့ အလယ်ပိုင်းနိုင်ငံများတွင် ကင်ဆာရောဂါသည် ကလေးသူငယ်များ သေဆုံးရခြင်း၏ အဓိကပြဿနာဖြစ်နေပါသည်။ အမေရိကန်နိုင်ငံတွင် ကလေးကင်ဆာအတော်များများကို အောင်မြင်စွာကုသနိုင်သည်ဟုဆိုသော်လည်း အမေရိကန်ကလေးများ၏ နံပါတ်တစ်လူသတ်တရားခံမှာ ကင်ဆာရောဂါ ဖြစ်နေဆဲပင်ဖြစ်ပါသည်။ ဥပမာ သွေးကင်ဆာ၊ အာရုံကြောဆိုင်ရာ ကိုယ်ခန္ဓာအစိတ်အပိုင်းတွင်ဖြစ်သော ကင်ဆာ၊ ဦးနှောက်ကင်ဆာ၊ အရိုးကင်ဆာဖြစ်ပွားသော ကလေးများသည် ကုသမှုခံယူပြီး အသက်ချမ်းသာရာ ရသွားကြသော်လည်း ကုသမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဘေးထွက်ဆိုးကျိုးများကို ဆက်လက်ခံစားရပါသည်။ သုတေသီများ၏ တွေ့ရှိချက်အရ ရောဂါပျောက်ကင်းသော ကလေးသုံးပုံနှစ်ပုံမှာ ယင်းကင်ဆာရောဂါ၏ နောက်ဆက်တွဲ အကျိုးဆက်များကို ဆက်လက်ခံစားနေရ၍ ၎င်းတို့အနက် လေးပုံတစ်ပုံမှာ အသက် အန္တရာယ်ထိခိုက်သည်အထိ ဆိုးကျိုးများခံစားရပါသည်။ အသက်တစ်နှစ်မှ ၁၄ နှစ်အရွယ် ကလေးများ၏ ဒုတိယအများဆုံး သေဆုံးရသည့် အကြောင်းမှာ ကင်ဆာရောဂါဖြစ်သည်။

နှစ်စဉ် တစ်ကမ္ဘာလုံးတွင် ကလေး ၁၆၀၀၀၀ မှာ ကင်ဆာရောဂါဖြစ်ပွားသည်ဟု ယူဆရသော်လည်း တိတိကျကျ မပြောနိုင်ပါ။ အကြောင်းရင်းမှာ နိုင်ငံတော်တော်များများ၌ ကင်ဆာစာရင်းဇယား အတိအကျမရှိ၍ ဖြစ်ပါသည်။

ကင်ဆာရောဂါ ရှာဖွေခြင်းနှင့် ကုသခြင်းတို့တွင်လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကစ၍ သိသိသာသာ တိုးတက်လာခြင်းကြောင့် ကလေးကင်ဆာအများစုမှာစောစီးစွာတွေ့ရှိပါက ကုသ၍ပျောက်ကင်းနိုင်ပါသည်။ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ နေထိုင်သောကလေးများမှာ ၅၀ ရာခိုင်နှုန်းသာ ပျောက်ကင်းနိုင်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၈၀ ရာခိုင်နှုန်းပျောက်ကင်းနိုင်ပါသည်။ ရောဂါပျောက်ကင်းနိုင်ရန်မှာ ရောဂါဖြစ်ပွားမှုကို စောစီးစွာသိရှိရန် လိုအပ်၏။ စောစီးစွာ တွေ့ရှိရန်အတွက် မိဘများက ရောဂါလက္ခဏာများကို သိရှိမှသာ ကလေးများ၏အသက်ကို ကယ်တင်နိုင်ပါမည်။

ကလေးကင်ဆာရောဂါများစွာရှိသည့်အနက် ၈၅ ရာခိုင်နှုန်းခန့်မှာ ဆင်တူယိုးမှား တူညီသောရောဂါလက္ခဏာများ ရှိကြပါသည်။ ၎င်းတို့မှာ အကြောင်းမရှိဘဲ ကလေး၏ ကိုယ်အလေးချိန်ကျခြင်း၊ မကြာခဏဖျားခြင်း၊ သွေးအားနည်းခြင်း၊ ခေါင်းကိုက်ခြင်း၊ အထူးသဖြင့် နံနက်စောစောအန်ခြင်း၊ ဝမ်းဗိုက်ရောင်ခြင်း၊ ဗိုက်တွင် အလုံးစမ်းမိခြင်း၊ ခေါင်းတွင် ဖူးရောင်ခြင်း၊ အလွယ်တကူသွေးခြည်ဥခြင်း၊ သွေးထွက်ခြင်း၊ မျက်လုံးတွင်အဖြူရောင်တွေ့ခြင်း၊ တည်ငြိမ်စွာမရပ်နိုင်ခြင်း၊ ရုတ်တရက်အမူအရာပြောင်းခြင်းတို့ဖြစ်၏ ။

အထက်ပါ လက္ခဏာများ တွေ့ရှိပါက ရိုးရိုးဖျားနာခြင်းလည်းဖြစ်နိုင်သော်လည်း မိဘများအနေဖြင့် မသက်ာပါက တတ်ကျွမ်းသော ဆရာဝန်များနှင့် ပြသသင့်ပါသည်။ အဘယ်ကြောင့် ဆိုသော် ကလေးကင်ဆာများမှာ အလွန်လျင်မြန်စွာ ဆိုးဝါးတတ်ပြီး စောစီးစွာသိရှိခြင်းဖြင့် စောစီးစွာ ကုသနိုင်ကာ ကလေး၏အသက်ကို ကယ်နိုင်လျက် ကြီးပြင်းသည်အထိ ကျန်းမာဖျတ်လတ်စွာ နေထိုင်သွားနိုင်ပါမည်။

ကင်ဆာရောဂါသည် နယ်မြေ၊ နိုင်ငံ၊ လူမျိုးသတ်မှတ်ချက်မရှိဘဲ လူမျိုးတိုင်းဖြစ်စေပါသည်။ ၎င်းရောဂါသည် ဝေဒနာသည်တစ်ဦးကိုသာ ဒုက္ခပေးခြင်းမဟုတ်ဘဲ ဝေဒနာရှင်မိသားတစ်စုလုံး၏ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ကိစ္စအားလုံးကို ထိခိုက်စေနိုင်ပါသည်။

ကမ္ဘာ့ကင်ဆာရောဂါကာကွယ်ထိန်းသိမ်းရေးနေ့၏ ရည်ရွယ်ချက်မှာ မိသားစုများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများအားလုံး စုပေါင်း၍ တာဝန်ရှိခြင်းကိုသိရှိရန်နှင့် လုပ်ဆောင်နိုင်ရန်အတွက် အသိပေးနှိုးဆော်ရန်ပင်ဖြစ်သည်။ ၎င်းပြင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကုသနိုင်ရေးအတွက်ပံ့ပိုးမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ က ကလေးကင်ဆာမှာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း ဖွံ့ဖြိုးဆဲနိုင်ငံကဲ့သို့ အသေအပျောက်များခဲ့ပါသည်။ သို့သော် အပြင်းအထန် ကြိုးစားလုပ်ဆောင်မှုကြောင့် ယခုအခါတွင် ကင်ဆာရောဂါသည် ကလေးအတော်များများ အသက်ရှင်နိုင်ကြပါပြီ။ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပျောက်ကင်းအောင် ကုသမှုမရကြဘဲ သေဆုံးနေကြပါသေးသည်။

ထို့ကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် ကင်ဆာရောဂါ ခံစားနေရသော ကလေးများအားလုံး အသက်ရှင်စေရန် အားလုံးဝိုင်းဝန်းကြိုးစားကြပြီး ဖွံ့ဖြိုးပြီးနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံကြားမှ ကွာဟမှုကို တူညီအောင်လုပ်ဆောင်ကြရန် ယခုအခါ လိုအပ်နေပါသည်။ ထိုသို့ဆောင်ရွက်မှုကို ယခုကပင် စတင်ခြင်းအားဖြင့် ကင်ဆာဝေဒနာရှင်ကလေးများ၏အသက်ကို ကယ်တင်ကြပါစို့ဟု ရေးသားဖော်ပြလိုက်ရပါသည်။ ။

တိုင်းမှူး ဗိုလ်ချုပ်ကိုကို ဆိပ်ကြီးလျှပ်စစ်မြစ်ရေတင်လုပ်ငန်း စစ်ဆေး ထန်းတပင်မြို့နယ် ကြက်ဆူပင်ပျိုးထောင်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီတွင် အုတ်တွင်းမြို့နယ် မြင်းစုကျေးရွာနှင့် ထန်းတပင်မြို့နယ်သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် စစ်တောင်းမြစ်ကူး(ယာယီ)တံတားသို့ သွားရောက်၍ တံတားကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ်၊ ဆိပ်ကြီးကျေးရွာအုပ်စုရှိ နွေစပါး စိုက်ပျိုးဆောင်ရွက်မှုနှင့် ဆောင်းသီးနှံ ပဲအမျိုးမျိုး စိုက်ပျိုးထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြပြီး တိုင်းမှူးက နွေစပါး သတ်မှတ်လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေး ဆွေးနွေးမှာကြားသည်။

မှာကြား

ယင်းနောက် တိုင်းမှူးသည် ဆိပ်ကြီးကျေးရွာအနီးရှိ ဆိပ်ကြီးလျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ သွားရောက်၍ စစ်တောင်းမြစ်မှ လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် ဆိပ်ကြီးပင်မမြောင်းမှနေ၍ စိုက်ပျိုးမြေ ဧရိယာများသို့ ရေပေးဝေနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ထန်းတပင်မြို့နယ် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် မြို့နယ်ပျိုးဥယျာဉ်၌ ကျင်းပသော ထန်းတပင်မြို့နယ်ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲသို့ တက်ရောက်အားပေး၍ ကြက်ဆူမျိုးအိတ်များကို မြို့နယ်ဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့များအား ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကြက်ဆူမျိုးစေ့များ၊ မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း စတင်ပျိုးထောင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ ကြက်ဆူမျိုးစေ့ ၁၂၀၀၀၀ နှင့် မျိုးကိုင်း ၅၀၀၀၀ကျော်တို့အား တပျော်တပါး စုပေါင်းပျိုးထောင်မှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ရာ Learning Centre ခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုက ပညာရည်မြင့်မားရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းပညာရေးမှူး ဦးသုခက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ပညာရေးမြှင့်တင်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရေးနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သန့်ရှင်းသပ်ရပ်ရေးဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သီရိမင်္ဂလာခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက်တိုင်းမှူးက ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်ကို ဒေသအလိုက် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ်လို အပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

စာအောင်သံဃာများအား ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးနှင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးတို့ စတင်တည်ထောင်၍ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ (D.Litt Ph.D) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ၏ ဩဝါဒခံ နိကာယ် သာသနာတော်ထွန်းကားရေးအသင်းကြီး၏ (၃၁)ကြိမ်မြောက် နိကာယ်ငါးရပ် စာလျှောက်စာမေးပွဲကြီးတွင် နိကာယနွှောတက တိပိဋကဓရဘွဲ့ရ စစ်ကိုင်းမြို့၊ သုဓောဓာရုံကျောင်းတိုက်မှ အရှင်အဘိဇာတာဘိဝံသနှင့် စာအောင်သံဃာတော်များအား ပူဇော်ပွဲကျင်းပနိုင်ရန်အတွက် ငွေပဒေသာပင်များနှင့် ဆွမ်းကွမ်းထာဝရ ပဒေသာပင်နှင့် စာလျှောက် စာမေးပွဲ ဆုနှင်းသဘင် ပဒေသာပင်များ စိုက်ထူလှူဒါန်းနိုင်ကြောင်းနှင့် ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ကန်ဘဲ့ဘူတာရုံလမ်း ရန်ကင်းမြို့နယ် ဖုန်း– ၅၆၄၄၅၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ ကိန်းဝပ်စံပယ်လျက်ရှိသော လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ပဌမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အကြံပေးပုဂ္ဂိုလ် ဦးအုံးမောင်က ပွဲတော်နှင့်စပ်လျဉ်း၍ အကြံပြုဖြည့်စွက်တင်ပြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က ပဌမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို တင်ပြဆွေးနွေးသည်။

ထို့နောက် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မကွေးတိုင်း တောင်တွင်းကြီးမြို့ ပညာရောင်ခြည် သီလရှင် စာသင်တိုက်၏ အုတ်တံတိုင်း ငါးခန်းအတွက် အလှူငွေကျပ် တစ်သိန်းကို ရွှေပြည်သာမြို့နယ် (၈)ရပ်ကွက် ဗိုလ်ချိန်ပန်းခြံလမ်းနေ ဦးသန်းမြင့်–ဒေါ်လှမြင့် မိသားစုက လှူဒါန်းရာ စာသင်တိုက် အကျိုးတော်ဆောင် ဒေါ်ပညာစာရီ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က–ပ)

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်) အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များပူဇော်ပွဲ၊ အသက်(၇၅)နှစ်အထက် ကန်တော့ခံပုဂ္ဂိုလ်များ ပူဇော်ပွဲ၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့ကြသူများအား ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရခိုင်ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများနှင့် ကန်တော့ခံပုဂ္ဂိုလ်များ၊ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ (ကျောင်း ထောက်ခံချက်ပူးတွဲလျက်)သည် ဦးဝေလင်း ဖုန်း–၂၉၂၈၉၄၊ ဦးအေးဝင်း ဖုန်း–၃၉၄၅၁၂ နှင့် ၇၀၁၄၂၄၊ ဦးအုန်းလွင်(မောင်မောင်) ဖုန်း–၅၄၁၈၁၈ နှင့် အမှုဆောင်များထံ ဆက်သွယ်နိုင်ကြသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ ကိန်းဝပ်စံပယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ပဌမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁၈ ရက်က အထက(၅) ကျောင်းတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြမြနှင့် ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၃၂)

ကွယ်လွန်သူဖခင် ဦးကိုကိုအား ရည်စူး၍ သားကိုဇော်မြင့်၊ ဇနီး ဒေါက်တာခင်မာဦး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။

(က–ပ)

ပေါင်းလောင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အလယ်ပစ္စယာ၊ အာဇာနည်လမ်းရှိ ရှင်သာမဏေ ဓမ္မဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက်(၈၀)နှင့်အထက် အသင်းဝင်နှင့် အသင်းဝင်မိဘများ၊ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ သား၊ သမီးများစာရင်းကို ဖေဖော်ဝါရီ ၂၀ရက်နောက်ဆုံးထား၍ အသင်းရုံး ဖုန်း–၅၂၆၆၇၄၊ ဦးမြင့်သိန်း ဖုန်း–၅၁၉၄၅၃၊ ဒေါ်ခင်ထွေးရီ ဖုန်း–၆၈၂၁၈၇၊ ဦးညွန့်ဖေ ဖုန်း–၂၀၀၄၂၈တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(၃၁)

တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပြည်နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁နာရီခွဲက စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား၊ကျောင်းသူများက ရာသက်ပန် ပြည်ထောင်စု သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြပြီးနောက် တိုင်းမှူးက အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဦးကျော်ရင်က ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ခရိုင်လေးခရိုင်မှ ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်ခေါင်းစဉ်အလိုက် မဲနှိုက် ယှဉ်ပြိုင်ကြရာ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက ကြည့်ရှုအားပေးကြသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် တိုင်းမှူးသည် စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ ပြည်နယ်အားကစားနှင့် ကာယပညာ ကော်မတီနှင့် ပြည်နယ် အမျိုးသမီး အားကစားအဖွဲ့တို့ ပူးပေါင်းကျင်းပသော ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒိုင်း၊ ခရိုင်နှင့် ဌာနပေါင်းစုံ အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့တက်ရောက်၍ ဧည့်ပရိသတ်များနှင့်အတူ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် စစ်တွေခရိုင်အသင်းနှင့် ပြည်နယ် ရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

အကောင်းဆုံးဆု

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ကျင်းပရာ နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသူများအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရရှိသော စစ်တွေခရိုင် အသင်းအား အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်က ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ အားကစားဝတ်စုံများ ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဒိုင်းဆု

ဆက်လက်၍ ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အသင်းများအား တစ်ဦးချင်းဆုများကို ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းနုနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ပထမရရှိသော စစ်တွေခရိုင်အသင်းအား ဆင့်ပွားဒိုင်းနှင့် တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈-၂-၂၀၀၆ မှ ၁၆-၂-၂၀၀၆

အချိန် – နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးတွင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဒုတိယဥက္ကဋ္ဌများနှင့် ဆပ်ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အမှာစကား ပြောကြားသည်။

ဖြည့်စွက်ဆွေးနွေး

ယင်းနောက် ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများနှင့် လုပ်ငန်းအဖွဲ့များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဆပ်ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ် အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ် ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၂)ကို ယနေ့ဖြန့်ချိလိုက်သည်။ **(ယာပုံ)**



မြင်းမူမောင်နိုင်မိုး၊ နေမျိုးသန့်၊ ညိုဘန်း–လေးဝတီ၊ ကောင်းညွှန့်ဝေ (ရေစကြို)၊ အသုတ်မောင်ဝင်းရောင်၊ အောင်ထက်သာ(ဥပဒေ)၊နွေသင်နိုင်၊ မောင်သျှင်ပြေ(ပုသိမ်)၊ မောင်နှင်းမွန်၊ ထွန်းထွန်း(သာယာဝတီ)၊ မောင်သော်မော်၊ အောင်သာဆန်း (သံတွဲ)တို့၏ အဖွင့်ကဗျာများ၊ ဣန္ဒာဆွေ၊ စောမုံညင်း၊ ဒေါက်တာမတင်ဝင်း၊ တက္ကသိုလ်တင်ခ၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ တက္ကသိုလ်မောင်မောင်ခင်၊ ပခုက္ကူဦးအုံးဖေ၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ ဒင်းပုန်း အရှင်မဏ္ဍလ(ဆင်ပေါင်ဝဲ)၊ ဝင်းနိုင်သောင်း၊ နန္ဒာမိုးကြယ်၊ ဗိုလ်ကလေးတင့်အောင်၊ အောင်ဇင်၊ မင်းဗထူး၊ ထွန်းနိုင်(သာသနာရေး)၊ စိုးမြင့်ငြိမ်း၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မောရောင်လင်းတို့၏ဆောင်းပါးများ၊ ခမ်းစုဝင်းကြည်(သီပေါ)၊ ကို(တက္ကသိုလ်)တို့၏ ဝတ္ထုရှည်များ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ဖျာပုံလှမိုးနွယ်၊ ရွှေတာမောင်၊ တက္ကသိုလ်ရွှေဆင့်၊စိုးစံ၊မောင်နေမွန်၊ကိုမင်္ဂလာတို့၏ ဝတ္ထုတိုနှင့် ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက်ကဗျာ လက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အားကစားကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ပုံပြင်ကဏ္ဍစုံလင်စွာတင်ဆက်ထားသည်။ အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားစာအုပ်ဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

စက်မှု(၁) ဈေးရောင်းပွဲတော် ဝယ်ယူသူများ စည်ကားများပြား

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဈေးရောင်းပွဲတော်ကို ဗဟန်းမြို့နယ် စက်မှု(၁)လမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝင်းအတွင်း၌ ကျင်းပလျက်ရှိသည်။

ယင်းဈေးရောင်းပွဲတော်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အထည်အလိပ် ထုတ်ကုန်ပစ္စည်းများ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ စားသောက်ကုန်ပစ္စည်းများ၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်းမှ ဆေးဝါး၊ အလှကုန်နှင့် အိမ်သုံးပစ္စည်းများ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ ကြွေထည်မြေထည် ဖန်ထည်ပစ္စည်းများ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းမှ စက္ကူနှင့် ဓာတုဗေဒပစ္စည်းများ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းမှ အပ်ချုပ်စက်များ၊ စက်ဘီးများ၊ သားရေထည်ပစ္စည်းများ၊ ရော်ဘာပစ္စည်းများစသည့် လူသုံးကုန်ပစ္စည်းမျိုးစုံ စုစုပေါင်းအမယ် ၃၃၃ မျိုးကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကားရောင်းချပေးလျက်ရှိရာ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

ဈေးပွဲတော်လာရောက်သူများအား ညစဉ် ၆နာရီမှ ၈နာရီအထိ စင်တင်တေးဂီတများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းနှင့် စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၅ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ည ၈နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂-၂-၂၀၀၆

ဟားခါး
၂ ဒီဂရီစင်တီဂရိတ်

ပင်လောင်း၊ နမ့်စန်နှင့် လားရှိုး
၄ ဒီဂရီစင်တီဂရိတ်

ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

(၄-၂-၂၀၀၆)

“ကင်ဆာကင်းဝေး တို့ရင်သွေး ၊ ဆောလျင်မနှေး ကုသပေး”

“My Child Matters”

ကျန်းမာရေးဝန်ကြီးဌာန

➪ တိုင်းမှူးမှ

ထို့နောက်တပ်နယ်အလိုက် စိုက်ပျိုးရေးတာဝန်ခံများက တပ်နယ်အတွင်းရှိ တပ်ရင်း၊တပ်ဖွဲ့များ၏ ကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဇယားကားချပ်ဖြင့် ရှင်းလင်းတင်ပြကြပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက်တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို အလေးထား၍ ဖိဖိစီးစီးအကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်ရေး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက်တိုင်းမှူးသည် အစည်းအဝေးသို့တက်ရောက်လာကြသူများနှင့်အတူ တိုင်းစစ်ဌာနချုပ်၏ ကြက်ဆူပင်မျိုးသန့်မျိုးပွား သုတေသနစိုက်ခင်းသို့လည်းကောင်း၊ မျိုးစေ့ပျိုးဥယျာဉ်ခြံတွင် စိုက်ပျိုးရေးပညာပေးခင်းကျင်းပြသထားသော ကြက်ဆူမျိုးစေ့များနှင့် စနစ်တကျပျိုးထောင်စိုက်ပျိုးထားရှိသော ကြက်ဆူပျိုးပင်ပေါက်များ ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း၊ နှစ်ရှည်ဆင်းရွှေလီ၊ ပျားလိမ္မော်ပင် ၁၀၀၀နှင့် နှစ်တို နာနတ်ပင်တစ်သိန်းအကြား ကြက်ဆူပင်လေးသောင်း စိုက်ပျိုးပြီးစီးနေမှု၊ သီးနှံပင်များ ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ တိုင်းမှူးကလိုအပ်သည့်များမှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရန်အောင်မြင်တပ်ဦးစေတီတော်အနီး တိုင်းစစ်ဌာနချုပ်၏ ကြက်ဆူပင်မျိုးသန့်မျိုးပွားစံပြကေ ၁၀၀စိုက်ခင်းအတွင်းရှိ ကြက်ဆူပင်ပျိုးဥယျာဉ်၌ ကြက်ဆူပျိုးပင်ပေါက်များ ရှင်သန်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်သာအေး ကြက်ဆူပင်ပျိုးထောင်ပွဲများတက်ရောက်

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ကလေးတပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက ကလေးမြို့နယ် စခန်းကြီးကျေးရွာအနီး၌ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ စခန်းကြီးကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ရင်က ကြက်ဆူပင်စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်တိုင်းမှူးက ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးနိုင်ရေး အမှာစကားပြောကြားပြီး ကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေး၍ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ ကြက်ဆူမျိုးစေ့နှင့်မျိုးကိုင်း စုစုပေါင်း ၂၅၀၀၀ ပျိုးထောင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ကြက်ဆူကြိတ်စက်နှင့်ဆီကြိတ်နေမှု၊ လယ်ယာ ၁၆ လက်တွန်းထွန်စက် မောင်းနှင်သရုပ်ပြမှုတို့ကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် တမူးခရိုင် ခမ်းပက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား တွေ့ဆုံရာ ရှေးဦးစွာ ခမ်းပက်မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမြမဟာက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသတွင်းနွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးမှုနှင့် ကြက်ဆူပင်စိုက်ပျိုးမှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ကြက်ဆူပင် စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းအမှာစကားပြောကြားကာ မြို့နယ်အတွင်းစိုက်ပျိုးရန် ကြက်ဆူမျိုးစေ့သုံးတင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များ၊ မဂ္ဂဇင်းစာအုပ်များ၊ကျောင်းဝတ်စုံများနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် တမူးမြို့အဝင်ကြက်ဆူပျိုးဥယျာဉ်၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူ ပျိုးထောင်ပွဲသို့ တက်ရောက်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများနှင့်အတူ ကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းပျိုးပင်စုစုပေါင်း ၁၆၈၀၀ကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်စိုက်ပျိုးပေးပြီး ကြက်ဆူကြိတ်စက်ဖြင့် လက်တွေ့ဆီကြိတ်ပြသခြင်း၊ကြက်ဆူဆီဖြင့် မီးစက်နှိုး၍ လျှပ်စစ်မီးထွန်းခြင်း၊ လယ်ယာ(၁၆) လက်တွန်းထွန်စက်များ မောင်းနှင်ပြသခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ဇန်နဝါရီလ ၂၈ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် တမူး-ကလေး ကားလမ်း မိုင်တိုင်(၅)ရှိ ရန်ငြိမ်းအောင်ကျေးရွာ၊ သီရိရတနာဘုန်းကြီးကျောင်းသို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးသည် တမူးမြို့နယ် ကျွန်းတောရေရှင် ကျေးရွာဘုန်းကြီးကျောင်းသို့ ရောက်ရှိပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသားများအတွက် ဗလာစာအုပ်များ၊ သတင်းစာ၊ မဂ္ဂဇင်းများ၊ ကျောင်းဝတ်စုံများနှင့် အားကစားပစ္စည်းများ ထောက်ပံ့လှူဒါန်းပြီး သိမ်ဆောက်လုပ်နေမှုကို ကြည့်ရှုကာ လိုအပ်သည်များ ပံ့ပိုးလှူဒါန်းပေးသည်။

စိုက်ပျိုးပေး

ထိုမှတစ်ဆင့်တိုင်းမှူးသည် ကလေးမြို့နယ် ရန်မျိုးအောင်ကျေးရွာ၌ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းစုစုပေါင်း ၁၀၅၀၀ ကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင် စိုက်ပျိုးပေးသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးသည် ရန်မျိုးအောင်ကျေးရွာအနီးရှိ ကလေးတပ်နယ်မှ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိသည့် ရော်ဘာငါးကေကိုလည်းကောင်း၊ မော်လိုက်-ပြောင်ဘုတ်-စော်ဘွား ရေရှင်လမ်း အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်(၁၉)ရှိ လက်ဆေးကန် ဘုန်းကြီးကျောင်းမှ ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးသည် မော်လိုက်တပ်နယ် နယ်မြေခံတပ်ရင်း၌ကျင်းပသည့် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲသို့ တက်ရောက်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများနှင့်အတူကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းစုစုပေါင်း ၈၄၀၀ကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်စိုက်ပျိုးပေးခဲ့သည်။ (သတင်းစဉ်)

❍ ပြည်နယ်နှင့်တိုင်းမှ

ကစားသွားပြီး လက်ရှိချန်ပီယံ မန္တလေးတိုင်း၏ အားနည်းချက်ဟာကွက်များကို အသုံးချပြီး ဗိုလ်လုပွဲသို့ ထိုက်တန်စွာ တက်ရောက်သွားခဲ့သည်။

ရွှေရတု ပြည်ထောင်စုဒိုင်းကြီးကို ဆွတ်ဆူးရရှိထားသော မန္တလေးတိုင်းအသင်းမှာ ရှေ့တန်းမှဂိုးများသွင်းယူနိုင်သော်လည်း နောက်တန်းနှင့် ဂိုးသမားတို့၏ အားနည်းချက်ကြောင့် ဂိုးများပြန်ပေးခဲ့ရကာ ရှုံးသွားရခြင်းဖြစ်သည်။ ဧရာဝတီနှင့်မန္တလေးတို့မှာ သာမန်ကစားချိန် မိနစ် ၉၀ တွင် ၃ ဂိုးစီသရေဖြစ်နေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားရပြီး ဂိုးအပြိုင်အဆိုင်သွင်းရင်း ဧရာဝတီတိုင်းက အနိုင်ရရှိသွားသည်။

ယနေ့ပွဲတွင် နှစ်သင်းစလုံး အမှားမခံဘဲ ကစားကြရာ ပွဲအစပိုင်းတွင်

အကောင်းဆုံးဆုရ သိန်းစိုးမင်း (မန္တလေး)။ (ကြေးမုံ)

ပွဲမှာ အေးသယောင်ရှိခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ပွဲမှာ အကြိတ်အနယ်ရှိလာပြီး သွက်လက်မြန်ဆန်လာသည်။ ဧရာဝတီ ဂိုးသွင်းခွင့် ပိုမိုရရှိခဲ့သည်။

၃၂ မိနစ်တွင် ဧရာဝတီတိုင်းမှ တိုက်စစ်မှူးအောင်ဇော်လင်းက မနားတမ်းကန်သွင်းလိုက်၍ ဧရာဝတီတိုင်း အဖွင့်ဂိုးရရှိသွားသည်။ ဂိုးပေးလိုက်ရ၍ လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းတိုက်စစ်ပြန်ဆင်ပြီး နေရာစုံမှ ထိုးဖောက်ကစားလာရာ ပထမပိုင်း ၄၅မိနစ်ပြည့်၍ ထပ်ဆောင်း ဖြည့်ပေးချိန်နှစ်မိနစ်တွင် ဇင်လင်းအောင် ဂိုးရှေ့ချပေးသော ဘောလုံးကို ချမ်းသာဝင်းက ထောင့်ဖြတ်ကန်သွင်း၍ မန္တလေးတိုင်း ချေပဂိုးရရှိကာ တစ်ဂိုးစီသရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် မန္တလေးတိုင်းအသင်း ပိုမိုဖိကစားနိုင်ခဲ့ပြီး ၁၆ မိနစ်တွင် ဇင်လင်းအောင် ကန်သွင်းရာ ဧရာဝတီဂိုးသမား သောင်းညွှန့် ပုတ်ထုတ်ရာ ပြန်အန်ထွက်လာစဉ် ဝဏ္ဏဖေယျာလွင်က ခေါင်းတိုက်သွင်းယူ၍ မန္တလေးတိုင်းအသင်း ဒုတိယဂိုးရရှိသည်။ ထို့နောက် မန္တလေးတိုင်းအသင်းမှာ အနိုင်ကိုထိန်းရန် ကြိုးစားကစားနေစဉ်မှာပင် ဧရာဝတီတိုင်းက ၂၈မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် အောင်ကိုကိုထွန်းက ခေါင်းတိုက်သွင်းယူ၍ နှစ်ဂိုးစီ သရေဖြစ်သွားသည်။ ပွဲပြီးချိန်အထိ နှစ်ဂိုးစီသရေဖြစ်နေ၍ အချိန်ပို ဆက်ကစားရသည်။

လူဟောင်းအားကစားသမားအများစုကို အခြေခံလာသည့် မန္တလေးတိုင်းအသင်းမှာ အချိန်ပိုတွင် ကစားအားကျသွားရာ ဧရာဝတီတိုင်းအသင်း ပိုမိုဖိကစားနိုင်ခဲ့သည်။ အချိန်ပို ၁၃မိနစ်တွင် သန့်ဇင်က ဧရာဝတီတိုင်းအတွက် တတိယဂိုး(ငွေဂိုး)ကို သွင်းယူလိုက်သည်။ နှစ်မိနစ်အကြာမှာပင်မန္တလေးတိုင်းက ပြစ်ဒဏ်ဘောမှတစ်ဆင့် အသင်းခေါင်းဆောင်သန်းဇော်က ခေါင်းတိုက်သွင်းယူ၍ သုံးဂိုးစီသရေဖြစ်သွားသည်။

အချိန်ပို ၁၉မိနစ်တွင် မိုးကျော်သူ ဂိုးရှေ့ဖြတ်ပို့သော ဘောလုံးကို အောင်ဇော်လင်းက လွတ်လွတ်ကျွတ်ကျွတ် ခေါင်းတိုက်သွင်းယူ၍ ဧရာဝတီတိုင်းအသင်း အနိုင်ဂိုးရရှိကာ ဗိုလ်လုပွဲသို့ တက်သွားသည်။

ဧရာဝတီတိုင်းအသင်းတွင် ဂိုး-သောင်းညွှန့်၊ နောက်တန်း-မျိုးသူရ၊ သန့်ဇင်ငြိမ်း၊ မျိုးမင်းသန့်၊ သန့်ဇင်၊ အလယ်တန်း - ကျော်ကိုကိုဇော်၊ အောင်ကိုကိုထွန်း၊ မိုးကျော်သူ၊ ဇော်ထက်အောင်၊ ဝင်းနိုင်ဦး၊ ရှေ့တန်း-ဇော်လင်းအောင်(သက်မင်းအောင်)နှင့် အောင်ဇော်လင်း(တင်မောင်လတ်)တို့ ပါဝင်ကစားခဲ့ကြပြီး မန္တလေးတိုင်းအသင်းတွင် ဂိုး-ချစ်ကိုကို၊ နောက်တန်း-ထွန်းလင်းဇော်၊ ရန်နိုင်၊ သိန်းစိုးမင်း၊ တင်မင်းအောင်၊ အလယ်တန်း-သန်းဇော်၊ ဇင်လင်းအောင်၊ အောင်မျိုးလွင်(ကျော်မိုး)၊ ရှေ့တန်း - ဝဏ္ဏဖေယျာလွင်၊ ချမ်းသာဝင်းနှင့် အောင်ကိုဝင်း(သိန်းဇော်ဦး)တို့ ပါဝင်ကစားသွားကြသည်။

ယနေ့ပွဲ

ညနေ ၃ နာရီ

(အောင်ဆန်းကွင်း)

ဒုတိယအကြိုဗိုလ်လုပွဲ

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပဲခူးတိုင်း

(ကြေးမုံ)

ခြံစည်းရိုးကြက်ဆူအောင်မြင်ဖြစ်ထွန်းစေရန်အတွက် သတိပြုရန်အချက်များ အကြံပြုနှိုးဆော်ချက်

မြန်မာနိုင်ငံအနှံ့အပြားတွင် စက်သုံးဆီဖူလုံရေးအတွက် ဘိုင်အိုဒီဇယ်ထုတ်လုပ်ရန် ခြံစည်းရိုးကြက်ဆူပင်များအား အစေ့မှသော်လည်းကောင်း၊ အကိုင်းမှသော်လည်းကောင်း စိုက်ပျိုးလျက်ရှိကြပါသည်။ စိုက်ပျိုးလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းရန် လိုအပ်ပါသည်။

၁။ ခြံစည်းရိုးကြက်ဆူပင်၏ ပင်စည်နှင့် အကိုင်းများသည် အခေါင်းရှိသဖြင့် မိုးကာလတွင် ကိုင်းဖြတ် ခေါင်နှိမ်မှုပြုပါက အပင်၏ ရှင်သန်မှုကို ထိခိုက်နိုင်ပါသည်။ မိုးရွာသွန်းမှု မရှိတော့သည့် မိုးနှောင်းကာလတွင်သာ ကိုင်းဖြတ် ခေါင်နှိမ်မှု ပြုသင့်ပါသည်။

၂။ ခြံစည်းရိုးအဖြစ်စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များအား မိုးနှောင်းကာလတွင် ကိုင်းဖြတ်လေ့ရှိကြပါသည်။ ကိုင်းဖြတ်တောက်ရာတွင် အပွင့်အသီးများရှိနေသော ကိုင်းဖြတ်ခြင်းအား ရှောင်ကြဉ်သင့်ပါသည်။

၃။ ဖြတ်တောက်ရရှိသော အကိုင်းများအား မြေတွင်တိုက်ရိုက်ချ၍ စိုက်ခြင်း၊ ပျိုးပေါင်၊ ပျိုးထုပ်များနှင့် စိုက်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

၄။ မြေတွင်တိုက်ရိုက်ချ၍ စိုက်ပျိုးပါက အပင်ရှင်သန်ရန် သင့်တော်သော အစိုဓာတ် ရှိရန်လိုပါသည်။ ပျိုးပေါင်၊ ပျိုးထုပ်များတွင် စိုက်ပျိုးပါကလည်း သင့်တော်သော အစိုဓာတ်ရှိရန် လိုပါသည်။

၅။ မိုးနှောင်းကာလတွင် စိုက်ပျိုးမြေများတွင် အစိုဓာတ် ဆုတ်ယုတ်မှု ရှိသည့်အတွက် လုံလောက်သော အစိုဓာတ်မရှိပါက ရေလောင်းရန် လိုအပ်ပါသည်။

၆။ ပျိုးပေါင်၊ ပျိုးအိတ်များတွင် ထည့်သွင်းစိုက်ပျိုးပါကလည်း သင့်တော်သည့် အစိုဓာတ်ရှိရန် ရေလောင်းသင့်ပါသည်။

၇။ စိုက်ပျိုးမြေများတွင် ရေစိမ့်အားမကောင်းပါက ရေဝပ်၍ အပင်များ ပျက်စီးနိုင်မှုကိုလည်း သတိပြုရန် လိုအပ်ပါသည်။

၈။ ခြံစည်းရိုးကြက်ဆူများအား မိုးဦးကျကာလတွင် စိုက်ပျိုးပါက အသင့်တော်ဆုံးဖြစ်ပါသည်။

၉။ မိုးနှောင်းကာလတွင် စိုက်ပျိုးပါက မြေတွင်း အစိုဓာတ်မဆုတ်မီစိုက်ပျိုးခြင်း၊ အလွယ်တကူရေလောင်းနိုင်သည့် စိုက်ပေါင်၊ ပျိုးအိတ်များနှင့် ပျိုးထောင်စိုက်ပျိုး၍ မိုးဦးကျကာလတွင် ရွှေ့ပြောင်းစိုက်ပျိုးခြင်းတို့ ဆောင်ရွက်သင့်ပါသည်။

၁၀။ စိုက်ပျိုးမှုစနစ်များနှင့်ပတ်သက်၍ အကူအညီရလိုပါက နီးစပ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ရုံး၊ ဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၆-ခုနှစ်၊ ဖေဖော်ဝါရီလ (၂)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၄၉၅၄၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၂-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၂၅ ၉။ ဖောင်းကတောရေလှောင်တမံ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ English for Everyday Use.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice In Reading
၄:၄၅ ၄။ အဆိုပြိုင်ပွဲ
၄:၅၅ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)**
၅:၁၀။ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၂၅ ၇။ အကပြိုင်ပွဲ
၅:၃၅ ၈။ နှောင်းခေတ်တေးပဒေသာ
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
၇:၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်မေတ္တာ" (အပိုင်း-၂)**
၇:၄၅ ၁၃။ အနာဂတ်နိုင်ငံတော်ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ (အပိုင်း-၁၀)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်" (အပိုင်း-၄)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး ခြံစည်းရိုးကြက်ဆူကေ ၁၀၀ မြေယာဖော်ထုတ်မှုကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၂

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁နာရီတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပသော ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့မှ ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီများသို့ ငွေကျပ်ကိုးသိန်းထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထိုမှတစ်ဆင့် ဗိုလ်မှူးကြီးခင်ကြူးသည် တာဝန်ရှိသူများနှင့်အတူ မိဇ္ဇကျေးရွာအနီး ရော်ဘာနှင့်ခြံစည်းရိုး ကြက်ဆူပင်များ သီးညှပ်စိုက်ပျိုးရန် မြေဧက ၁၀၀ ဖော်ထုတ်ရှင်လင်းခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်) ၏ (၃၉) ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဒီဇင်ဘာ ၃၀ရက် မွန်းလွဲ ၂နာရီခွဲတွင် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃဆေးရုံ မင်္ဂလာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်သန်းက အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့သစ်ရွေးချယ်ကာ နိုင်ငံတော်အဆင့်ပြိုင်ပွဲများ၌ ဆုရရှိသူများအား ဂုဏ်ပြုလွှာများ အပ်နှင်းပြီး **(အောက်ပုံ)** ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား လည်းကောင်း၊ စာပေဗိမာန် စာပေဆုရရှိသူပုဂ္ဂိုလ်များအား လည်းကောင်း၊ လှိုင်မြို့နယ်မီးဘေးဒုက္ခသည် အသင်းဝင်တစ်ဦးအား ထောက်ပံ့ငွေ လေးသောင်းနှင့် အဝတ်အထည်များကို လည်းကောင်း ပေးအပ်သည်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ဝက်ဝံတစ်စုံ ပေးပို့လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ နှစ် (၁၀၀)ပြည့်ပွဲတော် အထိမ်းအမှတ်အဖြစ် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သို့ ဝက်ဝံတစ်စုံကို ဇန်နဝါရီ ၂၇ရက်တွင် ပေးပို့လှူဒါန်းကြောင်းနှင့် ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၌ ထိန်းသိမ်းမွေးမြူပြသထားသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၀၆ခုနှစ် (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် သယ်ယူရေးနှင့် မြေစိုက်ပိုစတာများ စိုက်ထူရေး ဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၃)၌ ကျင်းပရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုး၊ ဆပ်ကော်မတီ အတွင်းရေးမှူး အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများမှ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာများ စိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ခမ်းနားထည်ဝါစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ အလံတော်လှည့်လည် သယ်ဆောင်ရာတွင်စနစ်တကျရှိရေး၊မြေစိုက်ပိုစတာများသတ်မှတ်ချိန်အမီ စိုက်ထူနိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဆပ်ကော်မတီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများမှ ဆပ်ကော်မတီဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ပြည်ထောင်စုအလံတော်အား ခရိုင်လေးခရိုင်အတွင်း စည်ကား သိုက်မြိုက်စွာ စနစ်တကျသယ်ယူဆောင်ရွက်နိုင်ရေးနှင့် မြေစိုက်ပိုစတာများစိုက်ထူရေးလုပ်ငန်းများကို တင်ပြကြရာ ဆပ်ကော်မတီဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ကျိုက်လတ်မြို့နယ်၌ ကြက်ဆူပင်ပျိုးထောင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

အမျိုးသားညီလာခံအား ဂုဏ်ပြုထောက်ခံသည့်အနေဖြင့် ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာ မြို့အဝင် ဧက ၄၀၀ စံပြကွက်စပါးအထူးထွက်တိုးစခန်းတွင် ခြံစည်းရိုး ကြက်ဆူပင်မျိုးစေ့ ပျိုးပွဲတော်နှင့် မျိုးစေ့ကိုင်းများ စုပေါင်းပျိုးထောင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀နာရီ၌ အဆိုပါစခန်းရှေ့ပျိုးဥယျာဉ်တွင် ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ဖျာပုံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေး မန်နေဂျာက ကြက်ဆူပင်စိုက်ပျိုးပုံ နည်းစနစ်နှင့် အသုံးဝင်ပုံတို့အား ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်က ပျိုးထောင်စိုက်ပျိုးမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

– စိုက်ပျိုး –

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများ စုပေါင်း၍ မျိုးစေ့ချ စိုက်ပျိုးကြရာ ကျိုက်လတ်မြို့နယ်တွင် မျိုးစေ့ ၄၁၃၅၄ နှင့် မျိုးကိုင်း ၇၀၀၀ တို့အား ပျိုးထောင်နိုင်ခဲ့ပြီးဖြစ်သည်။ (မြို့နယ်ထွေ/အုပ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ ဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း (မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်–

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁	Alupine Tablets (Dried Aluminium Hydroxide Gel 280 mg, Magnesium Trisilicate 260mg, Atropine Sulphate 0.12mg., Kaolin 120mg, Menthol 7.5mg)	Lerd Singh Pharmaceutical Fact., Ltd., Part.	Thailand
၂	Dexamethasone Sodium Phosphate Injection 1ml:2mg	တရုတ်စာသားများဖြင့်ဖော်ပြထားပါသည်။	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၃	Cimetidine Injection 2ml:0.2g	တရုတ်စာသားများဖြင့်ဖော်ပြထားပါသည်။	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၄	Phenylbutazone-Complex Injection 2ml (Phenylbutazone 280.1mg, Amidopyrine 300 mg)/2ml	Sino-America Joint Venture Yanzhou Xier Kangtai Pharmaceutical Co., Ltd., Shandong	China
၅	Rotuss Tablet (Dextromethorpham hydrobromide 15mg)	New Life Pharma Co., Ltd.,	Thailand

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝ မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၀၆ (သောကြာနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ အမျိုးသားပြတိုက် မြန်မာ့အက္ခရာနှင့် လက်ရေးမူပြခန်း
၇း၁၅ တေးဂီတအစီအစဉ်
၇း၂၀ Management Talk
၈း၀၀ တေးဂီတအစီအစဉ်
၈း၀၅ ဒဟတ်ပန်းတစ်ခိုင် (မင်းမော်ကွန်း၊မြသဥ္ဇာလီ)
၈း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ ချစ်သောမို
၈း၄၀ တေးဂီတအစီအစဉ်
၈း၄၅ မိုးလေဝသခန့်မှန်းချက်
၈း၅၀ တေးဂီတအစီအစဉ်
၈း၅၅ Myanmar Video Rhythm
၉း၄၅ သစ်သီးဝလံသုတေသနပြု ဆောင်ရွက်ခြင်း
၉း၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၅ တေးဂီတအစီအစဉ်
၁၀း၁၀ ရွှင်လန်းတက်ကြွ မျိုးဆက်သစ်မော်ဒယ်အလှ
၁၀း၂၅ စက်သုံးဆီချွေတာဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့
၁၀း၄၀ တေးဂီတအစီအစဉ်
၁၀း၄၅ စားချင်စဖွယ် မုန့်လုပ်နည်းအသွယ်သွယ် (ဝက်သားတုတ်ထိုး)
၁၀း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၀ တေးဂီတအစီအစဉ်
၁၁း၀၅ ပြည်သူ့အတွက်ကျန်းမာရေး (ပိုးလေးဖက်နာရောဂါ မေးမြန်းခန်း)
၁၁း၂၀ တေးဂီတအစီအစဉ်
၁၁း၂၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅ တည်ဆောက်ရေးအတွက် မျက်နှာပန်းလှသည့်ထုတ်ကုန် သရက်ဘိလပ်မြေစက်ရုံ
၁၁း၅၀ တေးဂီတအစီအစဉ်
၁၁း၅၅ မြန်မာ့ရိုးရာတူရိယာပစ္စည်းများထဲမှ တိုင်းရင်းသားတို့ တူရိယာ
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၃။ **ကာတွန်းအစီအစဉ် "ပါကျဲ" (အပိုင်း–၉)**
၆း၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ထုံးရယ်မပြယ်" (အပိုင်း–၁၀)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပါရမီရှင် သိုင်းလုလင်" (အပိုင်း–၁၅)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင် အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) သစ်သီးယိုမျိုးစုံထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁၂နာရီခွဲက ကျိုင်းတုံမြို့ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာမ သမဝါ ယမဝန်ကြီးဌာန အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန (ရန်ကုန်)မှ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်ဇံက သစ်သီးယိုစုံထုတ်လုပ်မှု နည်းပညာ သင်တန်းတွင် တက်ရောက်ခဲ့ကြသော သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ရာ သင်တန်းကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ဂုဏ်ပြုလက်ဆောင်

ဆက်လက်၍ တိုင်းမှူး၏ ဇနီး ဒေါ်ကြူကြူလှက သင်တန်းနည်းပြဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီးနောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား မိုင်းယောင်းမြို့နယ်မှ သင်တန်းသူ မနန်းခင်စုဟိန်းက ကျေးဇူးတင်စကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီး၊ တက်ရောက် လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော သင်တန်းသားများ၏ လက်ရာဒေသထွက် သစ်သီးအမျိုးမျိုးဖြင့် ပြုလုပ်ထားသည့် သစ်သီးဖျော်ရည်များ၊ သစ်သီးယိုများ၊ သစ်သီးအခြောက်များနှင့် သစ်သီးဝိုင်များကို ကြည့်ရှုအားပေးကြသည်။

တက်ရောက်ခဲ့

အဆိုပါ သစ်သီးယိုမျိုးစုံထုတ်လုပ်မှုနည်း ပညာသင်တန်းကို ဇန်နဝါရီ ၂၃ရက်မှ ၃၀ရက်အထိ ရှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်များမှ ဒေသခံ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းမှူးသည် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျင်းပသည့် ၂၀၀၅ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ၌ ဆုတံဆိပ်ရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ၂၀၀၅ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြိုင်ပွဲအမျိုးအစားအလိုက် ဆုတံဆိပ်များ ရရှိကြသည့် ပြိုင်ပွဲဝင်များအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ နွေစပါးစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးစစ်ဆေး ကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၄ရက် နံနက် ၇နာရီတွင် မင်းဘူးမြို့နယ်အတွင်း မဲဇာလီရေလွှဲဆည်၊ တောင်မုန်း မြောင်းမကြီး၊ လက်တံ ၁၅မှ နွေစပါး စိုက်ပျိုးရေ ပေးဝေနေမှု၊ မြောင်း ဝန်းကျင်တွင် နွေစပါးစိုက်ပျိုးရေးအတွက် စီစဉ်ဆောင်ရွက်နေမှု၊ ဆောင်းသီးနှံ ကုလားပဲ၊ နေကြာသီးညှပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေ အနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြပြီး ဗိုလ်မှူးကြီးဘုန်းမော်ရွှေက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဥက္ကဋ္ဌသည် မင်းဘူးမြို့နယ်၊ ထနောင်းကုန်းကျေးရွာတွင် ဒေသခံပြည်သူများ စုပေါင်း၍ ခြစ်စည်းရိုးကြက်ဆူပင် ၂ ဒသမ ၅ ဧကအတွက် ပျိုးပင် ၃၀၀၀ စုပေါင်း ပျိုးထောင်နေမှုကို လည်းကောင်း၊ ပွင့်ဖြူမြို့နယ်၊ ဘိုကုန်းကျေးရွာတွင် မဲဇလီရေလွှဲဆည်၊ မြောက်မုန်း မြောင်းမကြီး စီးဆင်းရေအားဖြင့် ရေအားလျှပ်စစ် ၅ကီလိုဝပ်ထုတ်လုပ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဥက္ကဋ္ဌသည် ပွင့်ဖြူမြို့နယ်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ စက်မှုဆေးဝါး ကုန်ကြမ်း စိုက်ကွင်းအတွင်း ခြစ်စည်းရိုးကြက်ဆူပျိုးပင်များကို ကြည့်ရှုအားပေးပြီး ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ) စက်ရုံဝင်းအတွင်းကျင်းပသည့် ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်း ပျိုးထောင်ပွဲသို့ တက်ရောက်အားပေး အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ သတ်မှတ်နေရာများတွင် ခြစ်စည်းရိုး ကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့ပျိုးပင် စုစုပေါင်း ၁၁၅၄၀၀ကို ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများသည် ဇီဝလောင်စာ ကြက်ဆူဆီဖြင့် လယ်ယာသုံး စက်ကိရိယာများ လက်တွေ့မောင်းနှင်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် မင်းဘူးမြို့နယ်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ သိမ်ကုန်း စိုက်ပျိုးရေး ပညာပေးစခန်းတွင် ခြစ်စည်းရိုးကြက်ဆူပင် ၄ ဒသမ ၃၃ ဧကအတွက် ပျိုးပင်ပေါင်း ၅၂၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုအားပေးပြီး ကြီးကန်ကျေးရွာအုပ်စု ကူရွာ၌ ကျင်းပသည့် ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲသို့ တက်ရောက်အားပေးပြီး တက်ရောက်လာကြသူများနှင့် အတူ ပျိုးပင် ၉၀၀၀ကို စုပေါင်းပျိုးထောင်စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းဥက္ကဋ္ဌသည် မင်းဘူးမြို့နယ်အတွင်းရှိ အိုင်းမရေလွှဲဆည် ရေပေးမြောင်းများ ရေစီးရေလာကောင်းမွန်မှု၊ ရေထိန်းတံခါးများ ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အိုင်းမဆည်ဝန်းကျင်တွင် ခြစ်စည်းရိုးကြက်ဆူပျိုးခြံ၌ ပျိုးပင် ၃၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဥက္ကဋ္ဌသည် မင်းဘူး (စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားသုံးမိုင် ကတ္တရာလမ်းအခြေအနေ၊ ဖေါ်မြို့နယ် ပဒါန်းကျေးရွာ ...

ထိုမှတစ်ဆင့် ဗိုလ်မှူးကြီး ဘုန်းမော်ရွှေသည် ငဖဲမြို့နယ် ပဒါန်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပျိုးဥယျာဉ်တွင် ကျင်းပသည့် ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်း ပျိုးထောင်ပွဲသို့ တက်ရောက်အားပေးကာ တက်ရောက်လာကြသူများနှင့်အတူ ပျိုးပင် ၁၁၀၀၀ကို စုပေါင်းပျိုးထောင်ပေးကြပြီး ဇီဝလောင်စာ ကြက်ဆူဆီဖြင့် လယ်ယာသုံးစက်ကိရိယာများ လက်တွေ့မောင်းနှင်ပြသမှုအခြေအနေကို ကြည့်ရှုအားပေးခဲ့သည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ စက်ရုံများ စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၂

စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ရေနံချက်စက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံများ စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အထူးအရာရှိ ဒုတိယဗိုလ်မှူးကြီးဖေသက်ညွှန့်က စက်ရုံများ၏ ထုတ်လုပ်နိုင်မှုစွမ်းအားနှင့် လက်ရှိထုတ်လုပ်နိုင်မှု အခြေအနေကိုလည်းကောင်း၊ စက်ရုံမှူးများက မိမိတို့စက်ရုံအလိုက်ထုတ်လုပ်မှု၊ သိုလှောင်လက်ခံဖြန့်ဖြူးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသောင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ရေနံချက်စက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများ၊ ရေနံဓာတ်ငွေ့ရည် စက်ရုံများအနေဖြင့် သတ်မှတ် လျာထားချက်အတိုင်း ပြည့်မီစွာထုတ်လုပ်နိုင်ရေး၊ အလေအလွင့်ထိန်းသိမ်းရေး၊ လုံခြုံရေး စနစ်တကျရှိစေရေးတို့အတွက် အသေးစိတ် မှာကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ဝန်ကြီးက စက်ရုံများ စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် စက်ရုံတစ်ရုံချင်းအလိုက် ဆောင်ရွက်ရမည့်အစီအမံများကို ချမှတ်ပေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမရရှိသော မအိသဲဖြူအား ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

တီဘီရောဂါ သတိပြုကာကွယ်ပါ

- * ရက်သတ္တပတ်(၃)ပတ်ကျော် ချောင်းဆိုးလျှင် –
- * သလိပ်တွင် သွေးပါလျှင် –
- * တငွေ့ငွေ့အဖျားတာရှည်လျှင် –
- * တဖြည်းဖြည်း ပိန်ချုံးလာလျှင် –

နီးစပ်ရာကျန်းမာရေးဌာနများတွင် တီဘီရောဂါရှိ–မရှိစစ်ဆေးပါ

တီဘီလူနာများကို အစွမ်းထက်သောတီဘီဆေးများဖြင့် ပျောက်ကင်းသည်အထိ အခမဲ့ကုသပေးလျက်ရှိသည်။

အသေးစိတ် သိရှိလိုပါက အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (ဖုန်း–၀၁–၃၈၀၉၅၁၊ ၃၈၀၉၅၂၊ ၃၈၀၉၅၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

ကျန်းမာရေးဝန်ကြီးဌာန

၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ၁၀ဦးအနက် သိပ္ပံဘာသာတွဲဖြင့် အဆင့်(၇)ရရှိသူ မောင်ကောင်းမြတ်မင်းအား ဇန်နဝါရီ ၁၅ရက်က ရန်ကုန်မြို့ ဗဟန်းကြားတောရ လမ်းရောဝတီတိုင်း မြောင်းမြကျင်းပသော ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ရန်ကုန်ပို့စ်သတင်းဂျာနယ် အယ်ဒီတာချုပ် ဦးအောင်ဂျမ်းကျော်က ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

အောင်မြေသာစံမြို့နယ် လမ်းအကြီးစားပြုပြင်မှုလုပ်ငန်း မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပုနှင့် ဌာနမှူးများလိုက်ပါလျက် ဇန်နဝါရီ ၁၈ရက် နံနက် ၁၁နာရီက အောင်မြေသာစံမြို့နယ်ရှိ ၂၃လမ်းတစ်လျှောက် လမ်း ၈၀မှ ၈၆လမ်းအထိ လမ်းအကြီးစားပြုပြင်နေမှု၊ မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်ရှိ ဘုရားကြီးဈေး ပတ်ဝန်းကျင် အထူးသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မန္တလေးတောင်အနီး စန္ဒာမုနိဘုရား ဘက်စုံပြုပြင် မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

မှာကြား

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ ၂၃လမ်းသို့ ရောက်ရှိကာ လမ်း ၈၀မှ ၈၆လမ်း အထိ ၂၃လမ်းတစ်လျှောက် စက်ယန္တရားကြီးများဖြင့် လမ်းအကြီးစား ပြုပြင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့်မြေသားလုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် မဟာအောင်မြေမြို့နယ် ၄၁လမ်းနှင့် ၈၃လမ်းဆုံ ရွှေဘုန်းရှိန် ရပ်ကွက်ရှိ ဘုရားကြီးဈေးသို့ ရောက်ရှိကာ ဈေးပတ်ဝန်းကျင်တွင် သန့်ရှင်းရေး ဝန်ထမ်းအင်အား ၁၅၀ဦး၊ အမှိုက်သိမ်းယာဉ်ငါးစီးတို့ဖြင့် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းစာနှင့် အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုနှင့် အထူးသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဈေးနှင့် ဈေးပတ်ဝန်းကျင်ရှိ ရပ်ကွက်များ သန့်ရှင်းရေးကောင်းမွန်စေရန် အထူးကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို သန့်ရှင်းရေးဌာန ဌာနမှူးနှင့် ဈေးတာဝန်ခံများအား မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် မန္တလေးတောင်အနီး စန္ဒာမုနိဘုရားသို့ ရောက်ရှိရာ စန္ဒာမုနိဘုရား ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၆၉)



ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်း ဆောက်လုပ်နေသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီးအတွက် အလှူငွေကျပ် ၂၂၉၈၀၀ ကို ဇန်နဝါရီ ၂၂ရက်က (၄)ရပ်ကွက် ဣန္ဒာ(၇)လမ်းနေ ဦးညွန့်မောင်(လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်)အား ရည်စူး၍ ဒေါ်လှမြင့် မိသားစုက တည်ဆောက်ရေးအဖွဲ့ ဦးဆောင်နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မဇ္ဈိမဂုဏ်ရည် ဆရာတော်တရားပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၂

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သာသနတက္ကသီလ ဓမ္မာစရိယ၊ ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒ အရှင်မြတ်သည် ဖေဖော်ဝါရီ ၃ရက် ည ၈နာရီတွင် သာကေတမြို့နယ် (၅)ရပ်ကွက် သုမနဓမ္မဗိမာန်၊ ၄ရက် ည ၈နာရီတွင် သာကေတမြို့နယ် (၄)ရပ်ကွက် ဆုတောင်းပြည့် မြစေတီ၊ ၅ရက် ညနေ ၆နာရီတွင် ဒေါပုံမြို့နယ် ဓမ္မာရုံ ထေရဝါဒ အထူးတရားပွဲ၊ ၆ရက် ည ၈နာရီတွင် သာကေတမြို့နယ် (၁၀)ရပ်ကွက် သောတာပန်ဆီ အလှူပွဲ ဓမ္မသဘင်၊ ၇ရက်ည ၈နာရီတွင် မြောက်ဥက္ကလာပ၊ ရော (၁၂)လမ်း ဓမ္မသဘင်၊ ၈ရက်ည ၇နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် (၉၃)လမ်း ဓမ္မသဘင်၊ ၁၀ရက် ည ၇နာရီတွင် သမိုင်း ဒက္ခိဏာရုံကျောင်း ဓမ္မသဘင်၊ ၁၁ရက်ည ၇နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် မြဝတီ မဟာစည်သာသနာ့ရိပ်သာ ဓမ္မသဘင်၊ ၁၃ရက်ည ၇နာရီတွင် လမ်းမတော်မြို့နယ် (၁၁)ရပ်ကွက် လမ်းသစ်ရိပ်သာဓမ္မာရုံ အထူးတရားပွဲ၊ ၁၄ရက်ည ၇နာရီတွင် ရွှေပြည်သာမြို့နယ် သီတဂူပန်းခြံ၊ ၁၅ရက်ည ၇နာရီတွင် ရန်ကင်းမြို့နယ် (၉)ရပ်ကွက် ဝါဆိုမှီကျောင်း ဓမ္မသဘင်၊ ၁၆ရက် ည ၇နာရီတွင် မြေနီကုန်း ဓမ္မာရုံ ဗုဒ္ဓပူဇနိယပွဲဓမ္မသဘင်၊ ၁၇ရက်နှင့် ၁၈ရက် ည ၇နာရီတွင် မင်းလှမြို့ မြို့လယ်ဓမ္မာရုံ ဓမ္မသဘင်များ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဆုချီးမြှင့်

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ ရဲလုပ်ငန်းစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းကြည်က ဆုရရှိသူတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်စဉ်။ (ပြည်နယ်ရဲတပ်ဖွဲ့)

ခမောက်ကြီးတပ်နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ခမောက်ကြီးမြို့ နယ်မြေခံတပ်နယ် ခြံစည်းရိုး ကြက်ဆူပင် မျိုးစေ့ပေးအပ်ပွဲနှင့် ပျိုးပွဲကို ဇန်နဝါရီ ၃၁ရက်နံနက် ၈ နာရီခွဲက ခမောက်ကြီး တပ်နယ် ပျိုးဥယျာဉ်ရှေ့၌ ကျင်းပရာ နယ်မြေခံတပ်နယ် ဗိုလ်မှူးကြီး ကျော်ဖြိုးက ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက် ကျေးရွာဥက္ကဋ္ဌများထံ စုဆောင်း ရရှိထားသော ခြံစည်းရိုး ကြက်ဆူမျိုးစေ့ ၆၀၀၀၀ နှင့် ပျိုးကိုင်း ၅၀၀၀ ကိုပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသူများသည် ခမောက်ကြီးတပ်နယ် ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုး ကြက်ဆူမျိုးစေ့ ၃၀၀၀၀ နှင့် ပျိုးကိုင်း ၃၀၀၀ ကို တပျော်တပါး စုပေါင်း ပျိုးထောင် စိုက်ပျိုးပေးကြသည်။ (သတင်းစဉ်)

The Commerce Journal အတွဲ(၆)၊ အမှတ်(၃) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂

The Commerce Journal အတွဲ(၆)၊ အမှတ်(၃)ကို ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် ရင်းနှီးမြှုပ်နှံမှု ပထဝီရွှေ့ပြောင်းခြင်း (မောင်စူးစမ်း)၊ ခေါင်းဆောင်မှုအလားအလာ (ဒေါက်တာခင်မောင်ညို)၊ ကမ္ဘာ့သရက် (မောင်ပီတိ)၊ မိုက်ခရိုဆော့ဖ် ခေါင်းခဲစေသူ(ကြည့်ရှုန်း)၊ မိုဘိုင်းကောမတ်စ် (မောင်ပုဆိုးကြမ်း)၊ ကမ္ဘာ့ပဥ္စမအကြီးဆုံး လက်လီအရောင်းလုပ်ငန်း(သိန်းမြသိန်း)၊ Face Shop ကိုရီးယားအလှကုန်လုပ်ငန်း၊ မြန်မာနိုင်ငံသားများဘဏ် "ခ" အစုရှယ်ယာတွေ ရောင်းချပေးနေ၊ ဖိလစ်ပိုင်ကို ရွှေပြည်နန်း သနပ်ခါးတင်ပို့ဖို့ စီစဉ်နေ၊ မြန်မာ့တံမြက်စည်း ဒေါ်လာငါးသိန်းကျော်ဖိုး တင်ပို့ရ၊ မျှစ်ဈေးကွက်၊ ဆီထွက်မုန်ညှင်းအလားအလာ၊ အကျော်အမော်များနဲ့ ရေမွှေး၊ ကွမ်းသီးစီးပွား၊ မြန်မာ့ပန်းချီဈေးကွက်၊ နန်းတွင်းရတနာဇာတ်ကားမှ လီယောင်အေး၊ အာရှ စိန်အရောင်းအဝယ်လုပ်ငန်း စသည့် သုတ၊ ရသဆောင်းပါးများအပြင် နယ်စပ်ကုန်သွယ်ရေးသတင်းများ၊ ဆရာစံဇာဏီဘို၏ဗေဒင်၊ ဟာသများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ်(၃၈) လမ်း(၃၀) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် မီးလောင်မှုဖြစ်ပွား အိမ် ၁၂ လုံး မီးလောင်ကျွမ်းခံရပြီး တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၂)ရပ်ကွက် အောင်ဓမ္မရိပ်သာလမ်း ခြံအမှတ် (၇၇)မှ ယနေ့ညနေ ၆နာရီတွင် နေအိမ်မီးစက်အတွင်းသို့ ဓာတ်ဆီထည့်စဉ် အနီးရှိ ဖယောင်းတိုင်မီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းရာ မီးစတင်လောင်ကျွမ်းလျှင် လောင်ကျွမ်းချင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ကားများ ရောက်ရှိဝိုင်းဝန်းမီးငြိမ်းသတ်ကြသဖြင့် ညနေ ၆နာရီ မိနစ် ၅၀တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် အိမ် ၁၂လုံးမီးလောင်ကျွမ်းခံရပြီး အိမ်ထောင်စု ၂၁စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်းနှင့် လူအသေအပျောက် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

အခင်းဖြစ်ပွားရာသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ ရောက်ရှိကြပြီး မီးငြိမ်းသတ်ရေး၊ လုံခြုံရေးနှင့် ကယ်ဆယ်ရေးကိစ္စများကို စီမံဆောင်ရွက်ပေးခဲ့ကြသည်။

မီးဘေးဒဏ်ခံရသူများအတွက် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်နေရာချထားပေးပြီး နေထိုင်ရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

Straits Link Ship Agencies Management & Pte., Ltd. MV-BLED သင်္ဘောသားများ လှူဒါန်းငွေ ကျပ်တစ်သိန်းတစ်သောင်းကို ဖြူဟွာဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် အလုပ်အမှုဆောင် ဦးညီဂျော် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများဖြစ်ကြသော ဒေါ်ခင်သက်ဌေးနှင့် ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးက ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၅ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နှစ်သိမ့်ဆွေးနွေး ပညာပေးဌာနများတွင် ပါဝင်ထမ်းဆောင်ခဲ့ကြသော Counseller များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများက ၂၀၀၅ခုနှစ်အတွင်း ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ အလှူရှင် ၆၄ဦးက စုစုပေါင်းအလှူငွေကျပ် ၆၅ သိန်းကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် တာဝန်ရှိသူများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများဖြစ်ကြသော ဒေါ်ခင်သက်ဌေး၊ ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် ခန်းမအပြင်၌ ပြသထားသည့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုခဲ့ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နှစ်သိမ့်ဆွေးနွေး ပညာပေးဌာနများတွင် ပါဝင်ထမ်းဆောင်ခဲ့ကြသော Counseller တစ်ဦးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ ၂၀၀၅ခုနှစ်အတွင်း ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် အမျိုးသမီးရေးရာ အဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ်
ဆင်ခြင်သတိ အမြဲရှိ

တတိယအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့

(၆-၂-၂၀၀၆)

"အနာကြီးရောဂါကင်းဝေးဖို့ ဆွေးနွေးတိုင်ပင်ပြောကြစို့"

အနာကြီးရောဂါဟု မသင်္ကာဖွယ်ရာ ကနဦးလက္ခဏာများမှာ
- အရေပြားပေါ်တွင် အရောင်ပျော့သော၊ နီသော၊ ကြေးနီရောင်ပေါက်နေသော အကွက်များရှိပြီး ၎င်းတို့သည်–
- ယားယံမှုမရှိခြင်း
- နာကျင်မှုမရှိခြင်း
- ပူခြင်း၊ အေးခြင်း၊ နာခြင်း၊ ထိခြင်းကို မသိခြင်း
- အရေပြား၏ မည်သည့်နေရာတွင်မဆို ဖြစ်ပေါ်နိုင်သည်။
  အသက်အရွယ်၊ ကျား/မ မရွေး၊ အတန်းအစားမရွေး၊ နေရာဒေသမရွေး ဖြစ်နိုင်သည်။
- သင့်ရပ်ရွာတွင် အနာကြီးရောဂါကင်းဝေးလိုပါသလား။
- အနာကြီးရောဂါအကြောင်းကို လူတိုင်းသိအောင် ပြောပြပေးပါ။
- အနာကြီးရောဂါသည်ဟု မသင်္ကာသူတိုင်းကို ရှာဖွေပေးပါ။
- ဆေးကုသမှုခံယူနိုင်အောင် စည်းရုံးပေးပါ။
- MDT(အမ်ဒီတီ)ဆေးကို ကျန်းမာရေးဌာနတိုင်းတွင် အလွယ်တကူနှင့် အခမဲ့ ရနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မင်းဘူး-ရွှေစက်တော်ဘုရား ပုဒ္ဒပူဇနီယပွဲတော်ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၂

နှစ်စဉ်ကျင်းပမြဲဖြစ်သော မင်းဘူး–ရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၇ခုနှစ် တပို့တွဲလဆန်း ၅ရက် ယနေ့နံနက် ၈နာရီမှစတင်၍ ဖွင့်လှစ်လိုက်သည်။

ပွဲတော်သို့ ဘုရားဖူးများ လွယ်ကူစွာလာရောက်နိုင်ရန် လမ်းနှင့်တံတားများကို ပြုပြင်ထားပြီး ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သူရ ခေါင်းဆောင်သောအဖွဲ့က ဘုရားဖူးများ စိတ်ချမ်းမြေ့စွာဖူးမြော်နိုင်ရေး စီစဉ်ထားသည်။ ဈေးဆိုင်ခန်းများနှင့် ပျော်ပွဲရွှင်ပွဲများကိုလည်း စနစ်တကျဆောင်ရွက်ထားသည်။

(သတင်းစဉ်)

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကျင်းပ မန်ယူနှင့် အာဆင်နယ် အရှုံးနှင့်ရင်ဆိုင်ရ

လန်ဒန် ဖေဖော်ဝါရီ ၂

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၄)၏ လက်ကျန်ပွဲများကို ဗုဒ္ဓဟူးနေ့က ဆက်လက်ကျင်းပရာ မန်ချက်စတာယူနိုက်တက်အသင်းနှင့် အာဆင်နယ်အသင်းတို့ နှစ်သင်းစလုံးပင် ရှုံးပွဲများနှင့် ရင်ဆိုင်ကြရသည်။ ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့မှာမူ သရေပွဲများနှင့် ကျေနပ်လိုက်ကြရသည်။

မန်ချက်စတာယူနိုက်တက်–ဘလက်ဘန်းရိုဗာ

ဘလက်ဘန်းအသင်းက မန်ချက်စတာယူနိုက်တက်အသင်းကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိလိုက်ရာ အံ့အားသင့်မှုများဖြစ်ကြရသည်။ ဘလက်ဘန်းအသင်းမှ ဒေးဗစ်ဘန်တလေသည် ၎င်းတစ်ဦးတည်း သုံးဂိုးသွင်းယူကာ Hat-trick ရရှိခဲ့သည်။

ပွဲချိန် ၃၅ မိနစ်တွင် ဒေးဗစ်ဘန်တလေက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြင့် ဘလက်ဘန်းအသင်းအတွက် ၎င်း၏ ပထမဆုံးဂိုးကို သွင်းယူခဲ့သည်။

ပွဲချိန် ၃၇မိနစ်တွင် မန်ချက်စတာယူနိုက်တက်အသင်းမှ လူးဝစ်ဆာဟာက ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ သို့ရာတွင် နောက်ထပ် လေးမိနစ်အကြာတွင် ဘန်တလေက ၎င်း၏ ဒုတိယမြောက်ဂိုးကို ထပ်မံသွင်းယူခဲ့ကာ ပွဲချိန် ၄၅ မိနစ်တွင် ဘလက်ဘန်းအသင်းမှ လူးကပ်စ်နေးလ်က ပိုင်နယ်တီမှတစ်ဆင့် ဂိုးသွင်းနိုင်ခဲ့ရာ ပထမပိုင်းအပြီးတွင် ဘလက်ဘန်းအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်း စတင်ပြီးနောက် ပွဲချိန် ၅၆မိနစ်တွင် ဘန်တလေက ၎င်း၏တတိယမြောက်ဂိုးကို သွင်းယူခဲ့ရာ မန်ချက်စတာယူနိုက်တက်အသင်းက ချေပဂိုးသွင်းယူနိုင်ရန် ကြိုးပမ်းလာခဲ့သည်။

ပွဲချိန် ၅၄မိနစ်တွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ရစ်ချတ်ဆန်၏ နေရာသို့ ရုဒ်ဗန်နစ္စတယ်လ်ရွိုင်း အစားထိုးဝင်ရောက်လာခဲ့ပြီး ပွဲချိန် ၆၃ မိနစ်တွင် နစ္စတယ်လ်ရွိုင်းကပင် ၎င်း၏အသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူပေးခဲ့သည်။

နစ္စတယ်လ်ရွိုင်းသည် နောက်ထပ်ငါးမိနစ်အကြာတွင် နောက်ထပ်တစ်ဂိုးသွင်းယူခဲ့ရာ မန်ယူအသင်းမှာ မျှော်လင့်ချက်များ ကောင်းမွန်လာခဲ့သည်။ သို့ရာတွင် မန်ချက်စတာယူနိုက်တက်အသင်းမှာ ဘလက်ဘန်း အသင်း၏ ခံစစ်ကိုထိုးဖောက်နိုင်ခြင်းမရှိတော့ဘဲ လေးဂိုး–သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ပွဲချိန် ၈၈မိနစ်တွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ရီယိုဖာဒီနန် ထုတ်ပယ်ခံခဲ့ရသည်။

အာဆင်နယ်–ဝက်စ်ဟမ်း

ဟိုက်ဘူရီကွင်း၌ ကျင်းပသောပွဲတွင် အာဆင်နယ်အသင်းက ဝက်စ်ဟမ်းအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ပွဲချိန် ၂၅မိနစ်တွင် ဝက်စ်ဟမ်းအသင်းမှ ရီယိုကိုခါက အဖွင့်ဂိုးသွင်းယူခဲ့ပြီးနောက် ပွဲချိန် ၃၂မိနစ်တွင် ဇမ်မိုရာက ဝက်စ်ဟမ်းအသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့သည်။

ပွဲချိန် ၄၅ မိနစ်နှင့် ပွဲချိန် ၈၉ မိနစ်တို့တွင် အာဆင်နယ်အသင်းမှ ဟင်နရီနှင့် ပီရက်တို့က ချေပဂိုးများ အသီးသီးသွင်းယူနိုင်ခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းမှ အီသရင်တန်က ပွဲချိန် ၈၀တွင် အနိုင်ဂိုးသွင်းယူခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။



ဖေဖော်ဝါရီ ၁ရက်က ကျင်းပသည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၏ မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဘလက်ဘန်းရိုဗာတို့၏ပွဲတွင် ဘလက်ဘန်းအသင်းမှ ဒေးဗစ်ဘန်တလေက ပွဲချိန် ၅၆မိနစ်၌ ၎င်း၏ တတိယမြောက်ဂိုးကိုသွင်းယူကာ အောင်ပွဲခံစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် လားရှိုးမြို့နယ်အတွင်း ကြက်ဆူပင်စိုက်ပျိုးမှု ကြည့်ရှု ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို အလေးထား၍ ဖိဖိစီးစီး ဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက လားရှိုးမြို့အထွက် အမှတ်(၁) ကုန်းမြင့်ယာမြေဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ ကြက်ဆူပင်မျိုးသန့်မျိုးပွား ဥယျာဉ်ခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

သီးညှပ်စိုက်ပျိုး

ထို့နောက် တိုင်းမှူးသည် မျိုးစေ့ထုတ်ဇုန်အတွင်း ဆင်းရွှေလီအထွက်ကောင်း ကြံပင်များနှင့် နှစ်တိုနာနတ်ပင်တစ်သိမ်းတို့အကြား ကြက်ဆူပင်ကို သီးညှပ်အဖြစ် စိုက်ပျိုးပြီးစီးမှု၊ နာနတ်ပင်များဖြစ်ထွန်းအောင်မြင်နေမှု၊ ကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းတာဝန်ခံအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မျိုးစေ့ထုတ်ဇုန်အတွင်း ဆင်းရွှေလီမွှေး(ဆန်မွှေး) နွေစပါး ၁၀ဧက စံပြစိုက်ခင်း သို့လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် မျိုးသန့်မျိုးပွားစိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသော လားရှိုးတပ်နယ်တပ်ရင်းတပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ကြက်ဆူပင်လျာထားသတ်မှတ်ချက်အတိုင်း အပြည့်အဝစိုက်ပျိုးနိုင်ရေး အကျယ်တဝင့် ရှင်းလင်း အမှာစကားပြောကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪**

နေရပ်အသီးသီးသို့ ပြန်ကြမည့် ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပသည့် အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့ကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ခေတ္တရပ်နားစဉ် မိမိတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလျက်ရှိကြရာ အမျိုးသားညီလာခံ ကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့်တာဝန်ရှိသူများသည် ယနေ့နံနက် ၆နာရီခွဲတွင် ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီရုံးရှေ့၌ ပြန်လည်ထွက်ခွာကြမည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ခေတ္တရပ်နားပြီး မိမိတို့၏ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာကြမည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့်အဖွဲ့ဝင်များ ပို့ဆောင်နှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

ရောဝတီတိုင်းအသင်းမှ မိုးကျော်သူနှင့် မန္တလေးတိုင်းအသင်း နောက်ခံလူ သိန်းစိုးမင်းတို့ ဘောလုံးကိုခေါင်းချင်းယှဉ်တိုက်ကြစဉ်။
(ကြေးမုံ)

ပြည်နယ်/တိုင်းဘောလုံးပွဲ ရောဝတီဗိုလ်လုပွဲတက် မန္တလေးတိုင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၀၆ ခုနှစ် (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲပထမအကြိုဗိုလ်လုပွဲအဖြစ် ရောဝတီတိုင်းအသင်းနှင့် မန္တလေးတိုင်းအသင်းတို့သည် ယနေ့ညနေ ၃ ၃နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း၌ ယှဉ်ပြိုင်ကစားကြရာ ရောဝတီတိုင်းအသင်းက လေးဂိုး–သုံးဂိုးဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ရောဝတီတိုင်းအသင်း – လေးဂိုး

အောင်ဇော်လင်း–နှစ်ဂိုး၊
အောင်ကိုကိုထွန်းနှင့်သန့်ဇင်–တစ်ဂိုးစီ

မန္တလေးတိုင်းအသင်း – သုံးဂိုး

ချမ်းသာဝင်း၊ ဝဏ္ဏဖေယျာလွင်နှင့်
သန်းဇော်–တစ်ဂိုးစီ

အကောင်းဆုံးဆု – သိန်းစိုးမင်း (မန္တလေး)
ဒိုင်လူကြီး – ဦးစိုးမိုးကျော်

ပြည်နယ်နှင့်တိုင်းပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲတွင် အစဉ်အလာရှိသော နာမည်ကြီး အသင်းများ ဖြစ်သည်နှင့်အညီ အကြိတ်အနယ် ခြေရည်တူ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပွဲစဉ်တစ်လျှောက် ခြေမှန်ရနေသည့် ရောဝတီတိုင်းအသင်းမှာ ယနေ့ပွဲ၌လည်းခြေစွမ်းပြ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

ခေါင်းကြီး/ ဆောင်းပါးအညွှန်း

- ❐ *စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်းကို ၂၀၀၀–၂၀၀၁ ခု ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည် ဖော်လျက်ရှိသည်။ အထူးသဖြင့် အပူပိုင်းဒေသ တိုင်း သုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ ရေခက်ခဲသော ကျေးရွာများနှင့် သန့်ရှင်းသော သောက်သုံးရေမရရှိသော ကျေးရွာပေါင်း ၈၀၄၂ ရွာရှိသည့်အနက် ၇၄၆၇ရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ အလားတူ အခြားပြည်နယ်နှင့်တိုင်းများရှိ ကျေးရွာပေါင်း ၇၈၆၈ ရွာတွင်လည်း သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။*

  ခေါင်းကြီး (စာမျက်နှာ–၂)

- ❐ *ယခုနှစ် ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေး လှုပ်ရှားမှုလုပ်ငန်း၌ ကလေးများတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါများအပေါ် ဦးတည်ချက်ထားပါသည်။ သုတေသနပြုသူများ၊ ကျန်းမာရေးစောင့်ရှောက်ပေးသူများ၊ လူနာများ၊ အစိုးရများ၊ စက်မှုလုပ်ငန်းများ၊ မီဒီယာများ ပူးပေါင်း၍ ကင်ဆာရောဂါနှင့်တကွ ၎င်းနှင့် ပူးတွဲခံစားရသည့် ကြောက်ရွံ့မှု၊ အသိတရား ကင်းမဲ့မှုနှင့် အလေးမထားမှု များကို တိုက်ဖျက်ကြရန် နှိုးဆော်ထားပါသည်။*

  ဒေါက်တာသီတာစန်း၏ **"ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့"** ဆောင်းပါး(စာမျက်နှာ–၆)